မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၈ခုနှစ်၊ မေ ၃၀ ရက်၊ သောကြာနေ့၊ အတွဲ(၄၇)၊ အမှတ်(၂၃၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း ကြေညာ

နေပြည်တော် မေ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြေညာချက်အမှတ်(၇/၂၀၀၈)ကို ၂၀၀၈ ခုနှစ် မေ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ကြေညာချက်အမှတ် (၇/၂၀၀၈)
၁၃၇၀ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၀ရက်
(၂၀၀၈ခုနှစ်၊ မေလ ၂၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း ကြေညာခြင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေးနှင့်စပ်လျဉ်း၍ ပြည်သူတို့၏ သဘောထားတောင်းခံသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကို ၂၀၀၈ ခုနှစ်၊ မေလ (၁၀)ရက်နှင့် (၂၄)ရက်နေ့တို့တွင် အောင်မြင်စွာကျင်းပပြီးစီးကြောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ဆန္ဒမဲပေးခွင့်ရှိသူ (၂၇၂၈၈၈၂၇)ဦးအနက် (၉၈.၁၂)ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ကြပြီး ယင်းသို့ဆန္ဒမဲပေးသူများအနက် (၉၂.၄၈)ရာခိုင်နှုန်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုရန်နှင့် ဥပဒေနှင့်အညီ ထောက်ခံကြောင်း အစီရင်ခံထားပါသည်။

၂။ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးက အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း ကြေညာပါသည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ နတ်မောက်လမ်းတစ်လျှောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက ကိုရီးယားသမ္မတနိုင်ငံမှလှူဒါန်းသည့်ဗို့ ၄၀၀ ဓာတ်ကြိုးအသစ်များ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ရန်ကုန်မြို့တွင်း လျှပ်စစ်ဓာတ်အားလိုင်းများ ပြင်ဆင်နေမှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမြင့်ဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့တွင်း လျှပ်စစ်ဓာတ်အားလိုင်းများ ပြင်ဆင်နေမှု၊ ပျက်စီးသွားသောအဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုနှင့် မုန်တိုင်းဒဏ်ကြောင့် ပြိုလဲသွားသောသစ်ပင်များ အပြီးသတ်ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဗဟန်းမြို့နယ် နတ်မောက်လမ်း ဂျပန်သံရုံးရှေ့သို့ရောက်ရှိကြပြီး နတ်မောက်လမ်းတစ်လျှောက်၌ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက ကန်တော်ကြီး ကန်ပတ်လမ်းတစ်လျှောက်နှင့် နတ်မောက်လမ်းသွယ်များတွင် မီးလင်းရေးအတွက်ကိုရီးယားသမ္မတနိုင်ငံမှလှူဒါန်းသည့် ဗို့ ၄၀၀ ဓာတ်ကြိုးအသစ်များတပ်ဆင်နေမှု ၆ ဒသမ ၆ ကေဗွီ ဓာတ်အားလိုင်းများ ပြုပြင်တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ကိုင်း၊ သစ်ခက်များကို ဖယ်ရှားရှင်းလင်းရန် မှာကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* *

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မေ ၃၀ ရက်)

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး သစ်တော၊ သစ်ပင်များ တိုးချဲ့စိုက်ပျိုးပေး

ကမ္ဘာတစ်ဝန်း၌ လေထုကြီးပူနွေးလာမှုနှင့်အတူ သစ်တောများပြုန်းတီးမှု၊ သဲကန္တာရများဖြစ်ပေါ်လာမှုများ ကြုံတွေ့နေကြရသည်။ ဥတုရာသီတောကိုမှီ ဆိုသည်နှင့်အညီ သစ်တော၊သစ်ပင်များ ပြုန်းတီးလာပါက ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာတတ်ပေသည်။

ယခုအခါ နိုင်ငံအများအပြားက ကမ္ဘာကြီးပူနွေးလာမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် သစ်တော၊ သစ်ပင်များကို တိုးချဲ့စိုက်ပျိုးပြီး သဘာဝပတ်ဝန်းကျင် ကောင်းမွန်ရေး ထိန်းသိမ်းထူထောင်နေကြပြီ ဖြစ်သည်။

သစ်ပင်များသည် အမြစ်မှစုပ်ယူရရှိသောရေကို အရွက်မှပင်ရည်ပြန်ခြင်းနည်းဖြင့် လေထုထဲသို့ ရေခိုးရေငွေ့များ ထုတ်လွှတ်ပေးလေ့ရှိသည်။ ပတ်ဝန်းကျင်အပူချိန်များလာလေ အပင်များမှ ရေငွေ့ပြန်နှုန်း ပိုများလာလေဖြစ်ရာ သစ်တော၊ သစ်ပင် ပေါများထူထပ်သော ဝန်းကျင်ဒေသများသည် အပူအအေးမျှတသော ရာသီဥတုကို ဖြစ်ပေါ်စေလျက်ရှိသည်။

မြန်မာနိုင်ငံတွင် သစ်တော၊ ရေ၊ မြေ၊ တွင်းထွက် သဘာဝသယံဇာတ အရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်း၍ သစ်တောများ၊ သဘာဝနယ်မြေများ၊ သဘာဝစိုက်ခင်းများကို ထူထောင်လျက်ရှိသည်။

အပူပိုင်းဒေသတွင် ဆည်အစုအဖွဲ့များ ပေါ်ပေါက်လာခဲ့၍ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် သဲကန္တာရ တိုက်ဖျက်ရေးကို အထောက်အကူပြုခဲ့သည်။ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်နေစေရေးအတွက် မြို့ဝင်မြို့ထွက်နှင့် မြေကွက်လပ်များတွင် နှစ်စဉ်မိုးရာသီရောက်တိုင်း ကျွန်းနှင့်အရိပ်ရပင်အမျိုးမျိုးကို တိုးချဲ့စိုက်ပျိုးကြမြဲ ဖြစ်သည်။

မကြာသေးမီက မြန်မာနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်း ဦးတည်တိုက်ခတ်သွားရာ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ သက်တမ်းရင့် သစ်ပင်ကြီးများအပါအဝင် သစ်ပင်အမြောက်အမြား ပြိုလဲပျက်စီးသွားခဲ့ရသည်။ ထိုသို့ပြိုလဲသွားသည့် သက်တမ်းရင့်သစ်ပင်များကို အကိုင်းအခက်များခုတ်ထွင်ပြီး ပြန်လည်တည့်မတ် စိုက်ပျိုးလျက်ရှိသည်။

သစ်တော၊ သစ်ပင်များသည် သက်ရှိသတ္တဝါများ ရှင်သန်ရပ်တည်ရေးအတွက် အထောက်အကူပြုလျက်ရှိရာ ပြိုလဲပျက်စီးသွားသည့် သစ်ပင်ကြီးများနေရာတွင် အချိန်တိုအတွင်း ပြန်လည်စိမ်းလန်းနိုင်သော အပင်များ၊ အရိပ်ရသစ်ပင်များ မိုးကြိုကာလမှစတင်ပြီး စိုက်ပျိုးသွားကြမည် ဖြစ်သည်။

မြန်မာတို့သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့် အစဉ်အလာများရှိပြီးဖြစ်ရာ သစ်တော၊ သစ်ပင်များ အပါအဝင် အရိပ်ရပင်များကို သက်ဆိုင်ရာဌာနများနှင့် ပြည်သူများ အင်တိုက်အားတိုက် မိုးရာသီအတွင်း ဒေသအလိုက်တိုးချဲ့စိုက်ပျိုးခြင်းဖြင့် နိုင်ငံတစ်ဝန်း ဥတုရာသီ ညီညွတ်မျှတကာ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် သာယာလှပလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ရဲရန်အောင်လမ်း အမှတ်(၅၃)နေ (ဦးငွေစိုး)-ဒေါ်အေးသန်းမိသားစုက အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင်ဦးအေးကိုနှင့်ဦးမောင်လှိုင်တို့က လက်ခံယူကြသည်။(အောက်ပုံ)(က-ပ)

ကွန်းချောင်းနှင့်ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်းများ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်ဦးဝင်းကြည်နှင့် တာဝန်ရှိသူများလိုက်ပါ၍ မေ ၂၇ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်း ဖြူးမြို့ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

ဝန်ကြီးသည် ရေထိန်းမျှော်စင်နှင့် တံတား၊ ရေပိုလွှဲတည်ဆောက်ပြီးစီးမှုအခြေအနေ၊ ယာဉ်၊စက်ယန္တရားများဖြင့် ပင်မတမံမျက်နှာပြင် ရှင်းလင်းခြင်းနှင့် မြေသားဖို့ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံနှင့် ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှုနှင့် ကွန်ကရစ်လုပ်ငန်း၊သံထည်ပစ္စည်းများ တပ်ဆင်နေမှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ချဉ်းကပ်ဥမင်လိုဏ် အမှတ်(၁) ဥမင်လိုဏ်တူးဖော်ပြီးစီးမှုအခြေအနေ၊ ဥမင်လိုဏ်ဆက်လက်တူးဖော်နေမှုနှင့် ကွန်ကရစ်လိုင်နာတပ်ဆင်ပြီးစီးမှုအခြေအနေ၊ အချင်း၅၂ဒသမ၅ပေ၊ အမြင့်၁၇၈ပေရှိ ရေလျှံထိန်းစည်တည်ဆောက်ရေးလုပ်ငန်း၌ ရေလျှံထိန်းစည်တွင်(EL-143) မီတာအထိ ကွန်ကရစ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ဖိအားမြှင့်ဥမင်လိုဏ်တူးဖော်ပြီးစီးမှု အခြေအနေ၊ ဥမင်လိုဏ်ခိုင်ခံ့ရန် စီစဉ်ဆောင်ရွက်နေမှု၊ ဥမင်လိုဏ်ဆက်လက်တူးဖော်နေမှုကို အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းမှာ ယခုအခါစီမံကိန်းတစ်ခုလုံး၏ ၆၆ဒသမ၇၁ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ ၎င်းစီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အားမဂ္ဂါဝပ်၆၀မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း၁၉၀ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းမှတစ်ဆင့် ညနေပိုင်းတွင် ဖြူးမြို့အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်းပေါ် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး ရေသွယ်ဥမင်လိုဏ်အတွက် တူးဖော်ပြီးစီးမှုအခြေအနေ၊ ဥမင်လိုဏ်ခိုင်ခံ့ရန် ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်မြေကြီး၊ ကျောက်သားတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှုလုပ်ငန်း၊ ရေထိန်းတံခါးပွင့် မြေပေါ်ကွန်ကရစ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယခုအခါဖြူးချောင်းရေအားလျှပ် စစ်စီမံကိန်းသည် စီမံကိန်းတစ်ခုလုံး၏ ၃၇ဒသမ၆ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား မဂ္ဂါဝပ်၄၀မှ လျှပ်စစ်ဓာတ်အားနှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း၁၂၀ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သဒ္ဓမ္မဝါစီ ဟင်္သာတပရိယတ္တိစာသင်တိုက် အမိုးအကာများပြုပြင်ရန် ငွေလှူဒါန်း

ရန်ကုန် မေ ၂၉

မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက် ဇမ္ဗူအေးတိုက်အတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော သဒ္ဓမ္မဝါစီ ဟင်္သာတပရိယတ္တိစာသင်တိုက် အမိုးအကာများ ပြန်လည်ပြုပြင်ရန်အတွက် နှစ်ဖက်မိဘများအမှူးထားပြီး ဒေါ်စန်းစန်းဦးအားရည်စူး၍ ဦးမျိုးဇော်အေး(ခ) ဦးဖိုးချောနှင့် သမီး မနဒီအေးတို့က အလှူငွေကျပ်ငါးသိန်းကိုပဓာနနာယက ဆရာတော်ဘဒ္ဒန္တပညာသီရိထံ မေ ၂၇ ရက်က လှူဒါန်းရာ သာသနနုဂ္ဂဟသဟ ပုညကာရီအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိမ်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင်တို့က အလှူငွေများကို လက်ခံယူကြသည်။ **(ယာပုံ)**

အဆိုပါစာသင်တိုက် ပြန်လည်ပြုပြင်ရန်နှင့် ပျက်စီးယိုယွင်းနေသော သုံးထပ်ကျောင်းဆောင်သစ် ပြန်လည်ဆောက်လုပ် လှူဒါန်းလိုသူများသည် ၆၉၀၅၈၇ တို့သို့ ဆက်သွယ်လှူဒါန်း ဖုန်း-၆၉၉၂၃၁၊ ၆၉၉၄၃၀နှင့် နိုင်ကြောင်း သိရသည်။ **(၁၁၈)**

မြဝတီရုပ်မြင်သံကြား

၂၀-၅-၂၀၀၈
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၁၅ ၄။ မဟာဂီတချိုကြည်မြ
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၃၀ ၆။ အမျိုးသားရေးတေးကဗျာ
၄:၄၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၅:၀၀ ၉။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၁၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၅ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့ သူရဲကောင်း** (အပိုင်း -၆၉)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ စိုက်ပျိုးသုတ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာစား** (အပိုင်း-၂၄)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် နိုင်ငံခြားငွေကြေး လှူဒါန်းလိုသူများလှူဒါန်းနိုင်

နေပြည်တော် မေ ၂၉

ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ နိုင်ငံခြားငွေကြေး လှူဒါန်းလိုသူများအနေဖြင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၌ ဖွင့်လှစ်ထားသော အောက်ဖော်ပြပါ နိုင်ငံခြားငွေစာရင်းများသို့ ငွေပေးသွင်းခြင်းဖြင့်သော်လည်းကောင်း၊ လွှဲပို့ခြင်းဖြင့်သော်လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံခြားငွေစာရင်းများမှ Rehabilitation and Reconstruction Sub-Committee Account၊ အမေရိကန်ဒေါ်လာစာရင်းအမှတ်- 1DA 06-00002၊ Rehabilitation and Reconstruction Sub-Committee Account၊ ယူရိုစာရင်းအမှတ် 1EA 06-00016 နှင့် Rehabilitation and Reconstruction Sub-Committee Account စင်ကာပူဒေါ်လာစာရင်းအမှတ် 1SA 06-00002 တို့ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဒေါက်တာမြမြဦး	ပါမောက္ခချုပ် ရန်ကုန်နည်းပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။
(ခ) ဦးကြည်သာ	ဦးဆောင်ညွှန်ကြားရေးမှူး ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
(ဂ) ဒေါက်တာသန်းရွှေ	ဦးဆောင်ညွှန်ကြားရေးမှူး မွေးမြူရေး၊အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။

* ရှေ့ဖုံးမှ

ပြန်လည်တည့်မတ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့နယ် သံတမန်လမ်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက စုပုံထားသောအမှိုက်သရိုက်များနှင့် သစ်ကိုင်း သစ်ခက်များအား စက်ယန္တရား များဖြင့် ရှင်းလင်း နေမှုကို လည်းကောင်း၊ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ တိုက်ကြီးတပ်နယ်မှ တပ်မတော်သားများက ပြိုလဲသွားသည့် သစ်ပင်များအား အပြီးသတ် ခုတ်ထွင်ရှင်းလင်းနေမှုနှင့် ပြိုကျသွားသည့် အားကစားအဆောက်အအုံအား ဖယ်ရှားရှင်းလင်းနေမှုကို လည်းကောင်း၊ ကမာရွတ်မြို့နယ် စိမ်းလဲ့ကန်သာဧည့်ဂေဟာ၌ မှော်ဘီတပ်နယ်မှ တပ်မတော်သားများက ပြိုလဲသွားသည့် သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းနေမှုကို လည်းကောင်း၊ ရန်ကင်းမြို့နယ် ရန်အောင်လမ်းသွယ်(၁)လမ်းနှင့် (၂)လမ်းတို့၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများက သစ်ကိုင်း၊ သစ်ခက်နှင့် အမှိုက်များအား စက်ယန္တရားများဖြင့် ရှင်းလင်းနေမှုကို လည်းကောင်း၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်ဘေး၌ ပြိုလဲသွားသော သစ်ပင်များအား တိုက်ကြီးတပ်နယ်မှ တပ်မတော်သားများက အပြီးသတ် ခုတ်ထွင်ဖယ်ရှားရှင်းလင်းနေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား အမှိုက်များ ရှင်းလင်းပြီးသည့် နေရာများတွင် နောက်ထပ်အမှိုက်စွန့်ပစ်မှုမရှိအောင် ကြပ်မတ်ဆောင်ရွက်ရေး၊ အိမ်ထွက်အမှိုက်များကို သတ်မှတ်ထားသော အမှိုက်ပုံများ၌သာ စွန့်ပစ်ရေး၊ ပြန်လည်ရှင်သန်နိုင်သည့် သစ်ပင်များကို ပြန်လည်တည့်မတ် စိုက်ပျိုးသွားရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မဟာပါသာဏလိုဏ်ဂူ သိမ်တော်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် လေမုန်တိုင်းဒဏ်ကြောင့် လဲပြိုသွားသောသစ်ပင်များကို တပ်မတော်သားများက ရှင်းလင်းနေမှုကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားကာ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၂၉

ဧရာဝတီတိုင်း ဖျာပုံမြို့နယ်နှင့် ဒေးဒရဲမြို့နယ်တို့အတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် Orange Supermarket က မေ ၂၅ရက်တွင် ဆန်အိတ်၊ အာလူးအိတ်၊ငါးသေတ္တာဘူး၊ဆပ်ပြာ၊ ဒန်အိုး၊ ခြင်ထောင်၊ စောင်၊ ပေါင်မုန့်ကြွပ်၊ ကော်ဖီမစ်၊ ဖယောင်းတိုင်၊ ဇွန်း၊ ငါးပိထောင်း၊ ရေပုံး၊ ရေခွက်နှင့် ခြင်ဆေးခွေ အစရှိသော ထောက်ပံ့ရေးပစ္စည်းများကို သွားရောက်လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်လှူဒါန်း

ထို့အပြင် ရန်ကုန်မြို့ရှိ Orange Supermarket ဆိုင်ခွဲများ၌လည်း စေတနာရှင်များပါဝင်လှူဒါန်းနိုင်ရန် စီစဉ်ထားရှိပြီး လေဘေးသင့်ဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများကို ဆက်လက်လှူဒါန်းသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်/ဆက် ညွှန်ချုပ် ဝန်ထမ်းများအား တွေ့ဆုံအားပေး

ရန်ကုန် မေ ၂၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ယမန်နေ့နံနက်ပိုင်းတွင် ဒလ၊ တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များသို့ သွားရောက်ပြီး မြို့နယ်ရုံးများ၌ မုန်တိုင်းဒဏ်ခံရသည့် ဝန်ထမ်းများအားတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ဂျပန်နိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့ ရောက်ရှိ

ရန်ကုန် မေ ၂၉

ဂျပန်နိုင်ငံမှ Dr. Kanai Kaname ဦးစီးသော အဖွဲ့ဝင် ၂၃ဦးပါဝင်သည့် ဆေးအကာအကွယ်ပေးရေးအဖွဲ့သည် ယနေ့ညနေ ၅နာရီ ၂၅မိနစ်တွင် Boeing -767 လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

အဆိုပါ ဆေးအကာအကွယ်ပေးရေးအဖွဲ့နှင့်အတူ ဆေးပစ္စည်းများ၊ အစားအစာများ၊ မိုးကာတဲများ၊ လူ့အသုံးအဆောင်ပစ္စည်းများ စုစုပေါင်း ၃ဒသမ၀၅တန် ပါရှိပြီး တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်တန်းမြို့နယ် လေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

ရန်ကုန် မေ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဌာနကြီးမှူးများဖြစ်ကြသော ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး၏ဇနီးဒေါ်မြသင်္ဂီ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်တင်တင်နွဲ့နှင့် အတူ ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ဇနီး ဒေါ်ဝေဝေနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၏ ဇနီးများ၊ စေတနာရှင် အလှူရှင်များသည် မေ၂၇ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်း မြို့နယ် အတွင်းရှိ လေဘေးသင့် မိသားစုများ နေထိုင်သည့် ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြပြီး AA Medical Products Ltd. မှ ဦးဇော်မိုးခိုင်-ဒေါက်တာစောနွေယံ မိသားစုက ငွေကျပ် ၂၆သိန်း ငါးသောင်း ခြောက်ထောင် တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ၊ KSS နတ်သုဒ္ဓါ ဒံပေါက်မှ ဦးထွန်းမြင့်၊ ဒေါ်အေးအေးညွှန့် (မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အဖွဲ့ဝင်) မိသားစုက ငွေကျပ် ခြောက်သိန်းတန်ဖိုးရှိ နံနက်စာထမင်း ဟင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် ကျောက်တန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ ငွေကျပ် ၁၈သိန်းကျော် တန်ဖိုးရှိ ကျား မဖိနပ် အရန် ၇၀၀၊ ကျား မဝတ် လုံချည်အထည် ၅၀၀၊ ရွှေဝါဆပ်ပြာအတောင့် ၃၀၀နှင့် လူသုံးကုန်ပစ္စည်း တို့ကို လေဘေးသင့် ပြည်သူများအား အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းနှင့် ကချင်ပြည်နယ်မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ အစီအစဉ်ဖြင့် ကချင်ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဦးစီးမှူး (ပထမတန်း) ဦးဂဲနက်(စ်) ဦးဆောင်သော ကချင်ပြည်နယ် မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ဝိုင်းမော်၊ ကာမိုင်း၊ ဗန်းမော်၊ ရွှေကူ၊ မိုးမောက်မှ တပ်ဖွဲ့ဝင်စုစုပေါင်း ၆၁ဦး **(အပေါ်ပုံ)**သည် မေ ၂၈ရက်ကစတင်၍ ဧရာဝတီတိုင်း ဖျာပုံနှင့် ဘိုကလေးမြို့နယ်များသို့ ရေကြောင်းခရီးဖြင့်သွားရောက်ကာ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ဌာနချုပ်မှ သက်ဆိုင်ရာမြို့နယ်သို့ ပေးပို့ထားသော ကယ်ဆယ်ရေးပစ္စည်းများကို ကျေးရွာအရောက် ဖြန့်ဝေခြင်းလုပ်ငန်းတို့တွင် ဒေသခံကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်အတူ တစ်လကြာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(က-ပ)**

သောက်ရေများ လိုက်လံပေးဝေ

Htoo Trading Co., Ltd. နှင့် Air Bagan Co., Ltd. တို့မှ ဝန်ထမ်းများက ရေသန့်စက်နှစ်လုံးမှ ထွက်ရှိသည့် သောက်ရေများကို ကားသုံးစီးဖြင့် တစ်နေ့လျှင် နှစ်ကြိမ် လိုက်လံပေးဝေစဉ်။

(က-ပ)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၂၉

မုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှ ခြင်ထောင်များ၊ စောင်များ၊ ကျန်းမာရေးသုံး ပစ္စည်းများ စုစုပေါင်း ၆၂ဒသမ ၆၈တန်သည် IL-76 လေယာဉ်နှစ်စင်းနှင့် AN-12 လေယာဉ်တစ်စင်းတို့ဖြင့် ယနေ့နံနက် ၃နာရီ ၁၉မိနစ်၊ မွန်းလွဲ ၁၂နာရီ ၁၄မိနစ်နှင့် ည၇နာရီ ၁၀မိနစ်တို့တွင် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ မီးဖိုချောင်သုံးပစ္စည်းများ၊ ခြင်ထောင်များ၊ ကျန်းမာရေးသုံး ပစ္စည်းများ၊ ပလတ်စတစ်စများ စုစုပေါင်း ၄၂ဒသမ၄၈တန်သည် C-130 လေယာဉ်လေးစင်းဖြင့် နံနက် ၁၀နာရီ ၄မိနစ်၊ နံနက် ၁၁နာရီ ၇မိနစ်၊ မွန်းလွဲ ၁၂နာရီ ၈မိနစ်နှင့် မွန်းလွဲ ၁၂နာရီ ၅၅မိနစ်တို့တွင် လည်းကောင်း၊ ထိုင်းနိုင်ငံမှ ထိုင်းဆေးအကာအကွယ်ပေးရေးအဖွဲ့အတွက် ပေးပို့သော အစားအစာများ၊ ဆေးဝါးများ၊ ရေသန့်များ စုစုပေါင်း၈တန်သည် C-130 လေယာဉ်ဖြင့် နံနက် ၁၀နာရီ ၁၂မိနစ်တွင် လည်းကောင်း၊ ထိုင်းနိုင်ငံ တပ်မတော်နှင့် ပြည်သူများမှ လှူဒါန်းသော ဝက်ပေါင်ခေါက်ဆွဲခြောက်များ၊ ဆန်များ စုစုပေါင်း ၈ဒသမ ၈၇၉တန်သည် C-130 လေယာဉ်ဖြင့် နံနက် ၁၁နာရီ ၁၈မိနစ်တွင် လည်းကောင်း၊ ဗြိတိန်နိုင်ငံရှိ Reletx Relief Supplies မှ ပလတ်စတစ်စများ စုစုပေါင်း ၃၇ဒသမ၆၇တန်သည် A-300 လေယာဉ်ဖြင့် မွန်းလွဲ ၂နာရီ မိနစ် ၂၀တွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာခဲ့ကြသည်။

အလားတူ ဗြိတိန်နိုင်ငံအခြေစိုက် နယ်စည်းမခြား ဆရာဝန်များအဖွဲ့မှ စောင်များ စုစုပေါင်း ၃၆ဒသမ ၄တန်သည် A-300 လေယာဉ်ဖြင့် မေ ၂၈ရက် ည ၉နာရီ ၂၉မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာခဲ့ကြသည်။

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ် ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်၊သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျ လက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကျွဲကောသီးစားခြင်းဖြင့် အဆုတ်ရောဂါကာကွယ်နိုင်

ကျွဲကောသီးကို တရုတ်လူမျိုးတို့ လွန်ခဲ့သည့်နှစ်ပေါင်း တစ်ထောင်ကျော်ကပင် စားသုံးခဲ့ကြသည်။ အရှေ့တောင်အာရှနိုင်ငံများ၊ အင်ဒိုချိုင်းနားဒေသနှင့် ဥရောပနိုင်ငံအချို့တို့၌ စားသုံးမှုများသည့် သစ်သီးဖြစ်သည်။

ပါရှိ

ကျွဲကောသီးသည် အခွံထူသစ်သီးမျိုးဖြစ်ပြီး အရသာ အနည်းငယ်ချိုပြီး ချဉ်သောအရသာလည်းရှိသည်။ ကျွဲကောသီးတွင် ဗီတာမင်စီ၊ ကယ်လ်ဆီယမ်နှင့် အမျှင်ဓာတ်တို့ ပေါများစွာပါရှိသည်။

ကာကွယ်

ကျွဲကောသီးဖျော်ရည်ကို သီတင်းတစ်ပတ်လျှင် သုံးခွက်ခန့် ပုံမှန်သောက်သုံးသွားပါက ကိုယ်အရေပြားပေါ်တွင် ဖြစ်ပွားတတ်သော ရောဂါများ၊ အဆုတ်ပြည်တည်နာနှင့် ပန်းနာရောဂါများကို ကာကွယ်မှုပေးနိုင်သည်ဟု စင်ကာပူသုတေသနပညာရှင်များက ပြောကြားသည်။

ပြောကြား

ကျွဲကောသီးကို ပုံမှန်စားသုံးသွားပါက ခန္ဓာကိုယ်အတွင်း အဆိပ်အတောက်ဖြစ်ပွားမှုများအား ဖယ်ရှားသန့်စင်ပေးနိုင်သည့်အပြင် အစာအိမ်နှင့် အူလမ်းကြောင်းအနာတို့ ဖြစ်ပွားမှုမှလည်း ကာကွယ်ပေးနိုင်ကြောင်း ၄င်းတို့က ပြောကြားသည်။

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(မေ ၂၉ရက် မွန်းလွဲ ၂နာရီ ထုတ်ပြန်ချက်)

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်။ ။လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ နေ့အပူချိန်များမှာ တနင်္သာရီတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၂ဒသမ ၈၀လက်မ၊ ကျောက်ဖြူမြို့နှင့် လောင်းလုံမြို့တို့တွင် ၂ဒသမ ၅၂လက်မစီ၊ ရေးမြို့တွင် ၂ဒသမ ၂၀လက်မ၊ ထားဝယ်မြို့တွင် ၁ဒသမ ၈၅လက်မ၊ ကလေးဝမြို့တွင် ၁ဒသမ ၈၁လက်မနှင့် စစ်တွေမြို့တွင် ၁ဒသမ ၄၆လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

၂၀၀၈ခုနှစ် မေ ၃၀ရက် ညနေအထိခန့်မှန်းချက်။ ။ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၃၀ရက် ညနေအထိ ခန့်မှန်းချက်။

မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၃၀ရက် ညနေအထိခန့်မှန်းချက်။

မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၃၁ဒသမ ဝဒီဂရီစင်တီဂရိတ်	(၈၈ ဒီဂရီဖာရင်ဟိုက်)	၂၈-၅-၂၀၀၈
အနိမ့်ဆုံးအပူချိန်	၂၂ဒသမ ၅ဒီဂရီစင်တီဂရိတ်	(၇၂ ဒီဂရီဖာရင်ဟိုက်)	၂၉-၅-၂၀၀၈
နံနက်၉နာရီခွဲအချိန် စိုထိုင်းဆ	၇၉ရာခိုင်နှုန်း		၂၉-၅-၂၀၀၈
နေပူသည့်နာရီပေါင်း	၁ဒသမ ၇နာရီခန့်		၂၈-၅-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၉-၅-၂၀၀၈	၁၈မမ(ဝဒသမ၇၁)လက်မ	၂၁မမ(ဝဒသမ၈၃)လက်မ	၁၂မမ(ဝဒသမ၄၇လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၇၂၉မမ(၂၈ဒသမ၇ဝလက်မ)	၈၅၅မမ(၃၃ဒသမ ၆၆လက်မ)	၁၀၃၀မမ(၄၀ဒသမ၅၅လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ မေ ၂၈ရက် ညနေ၃နာရီခွဲတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၀မိုင်နှုန်း တိုက်ခတ်ခဲ့သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

မြန်မာ့ရုပ်မြင်သံကြား

၃၀-၅-၂၀၀၈ရက်

(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၅ ၄။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈:၀၀ ၅။ အကပြိုင်ပွဲ
- ၈:၁၅ ၆။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၈:၃၀ ၇။ International News
- ၉:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄:၂၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၅၀ ၄။ နှောင်းခေတ်တေးပဒေသာ
- ၅:၁၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၃၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၄၅ ၇။ တေးဂီတအစီအစဉ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၁၀ ၁၁။ လက်ဆင့်ကမ်းပေးဂီတတေး
- ၇:၃၀ ၁၂။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ မြန်မာဗီဒီယိုဇာတ်လမ်း **မတော်တဆ....လေး (အပိုင်း-၁)** (မင်းမော်ကွန်း၊ နန္ဒာလှိုင်) (ဒါရိုက်တာ-မိုးအောင်)
- ၁၇။ အစီအစဉ်ပြီး၏။

သတိပေးနှိုးဆော်ချက်

ယခုရာသီကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားတတ်သည့်အချိန် ဖြစ်ပါသည်။ မသန့်ရှင်းသောရေ သောက်သုံးခြင်းနှင့် မသန့်ရှင်းသော အစားအသောက်များစားသုံးခြင်းတို့ကြောင့် ဝမ်းလျှောဝမ်းပျက်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။ သို့ဖြစ်ပါ၍-

ဝမ်းလျှောဝမ်းပျက်ရောဂါကိုကာကွယ်နိုင်ရန်အတွက်-

- ကလိုရင်းဆေးခတ်ထားသော ရေ(သို့မဟုတ်) ကျိုချက်ထားသော ရေကိုသာလျှင် သောက်သုံးကြရန်၊
- သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့်အစာများကိုသာ စားသုံးကြရန်၊
- ယင်နားစာမစားရန်နှင့် အစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊
- ကလေး၊ လူကြီးအားလုံး သန့်ရှင်းသော ယင်လုံအိမ်သာကို သုံးစွဲကြရန်၊
- အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ကို စင်ကြယ်အောင် ဆေးကြောကြရန်၊
- အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ကြရန်၊

(ထုံးဖြူးခြင်း၊ မြေဖုံးခြင်း၊ မီးရှို့ခြင်းများကို ဆောင်ရွက်ရန်)

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက အနီးဆုံးကျန်းမာရေးဌာနသို့ အမြန်ဆုံးပြသရန်နှင့် လူနာများတွေ့ရှိက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၂၉

ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခံရသောဒေသများအတွက် ပြည်တွင်း၊ ပြည်ပမှစေတနာရှင်၊ အလှူရှင်များက အလှူငွေများအား ဆက်လက်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) နာဂစ် မုန်တိုင်းဒဏ်သင့် ဒေသပြည်သူများအတွက် အလှူငွေလက်ခံရာ ဌာန၌ အလှူရှင်များမှ လှူဒါန်းကြသော အလှူငွေများအား ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံယူသည်။**(အပေါ်ပုံ)**

__လှူဒါန်း__

လှူဒါန်းကြသော အလှူရှင်များမှာ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၀) ကျောင်းဆင်းအရာရှိများက ငွေကျပ်နှစ်သိန်း၊ ဦးမောင်မောင်အေး(ညွှန်မှူး-ငြိမ်း)၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ဒေါ်ခင်သန်းဌေးမိသားစု အလုံမြို့နယ်က ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း) ဦးဆောင်ညွှန်ကြားရေးမှူး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် ဒေါ်သန်းသန်းအေး မိသားစုက ငွေကျပ်နှစ်သိန်း၊ ဗိုလ်မှူးသောင်းစိန်(ငြိမ်း)နှင့် ဒေါ်သန်းအေးမိသားစု ရွှေပေါက်ကံမြို့နယ်က ငွေကျပ်တစ်သိန်း၊ သစ်တောရေးရာဝန်ကြီးဌာနမှ တစ်ဆင့် MD Mr. Gaofei Puer Defu, Commercial and Trading Co.,Ltd, China က ငွေကျပ်သိန်း၁၀၀၊ ဒေါ်ခင်ထားမူ တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော်က ငွေကျပ်တစ်သိန်း၊ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးနှင့် လက်အောက်ခံတက္ကသိုလ်၊ ကျောင်း၊ တပ်များက ငွေကျပ်၁၅၉သိန်း၊ ဦးဖြိုးမင်းဝင်း မူဆယ်မြို့က ငွေကျပ် သုံးသောင်းတို့ဖြစ်ကြောင်း သတင်းရရှိသည်။

ယနေ့ လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၂၆၆၃၀၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံအလှူရှင်များက တာချီလိတ်မြို့မှတစ်ဆင့် အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၂၉

လေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံအလှူရှင်များက တာချီလိတ်မြို့မှ တစ်ဆင့် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ မေ ၁၁ရက်နှင့် ၁၂ရက်တို့တွင် လန်းပန်း၊ ကျင်းဟိုင်း၊ မယ်ဆိုင်မြို့တို့ရှိ ပြည်သူများက ဝစီပိတ်ဆရာတော်အား အမှူးထား၍ ငွေကျပ်၇၇၈၈၅၄၄၄ တန်ဖိုးရှိ ရေသန့်ဘူးများ၊ ဆေးပစ္စည်းများ၊ အဝတ်အထည်များ၊ ဘီစကွတ်မုန့်များ၊ ခေါက်ဆွဲဖာများ၊ ဘိလပ်မြေအိတ်များကိုလည်းကောင်း၊ SIM City Public Company Limited., Bangkok Thailand မှ ငွေကျပ် ၃၉၉၆၀၀၀၀ တန်ဖိုးရှိ ဘိလပ်မြေအိတ် ၁၀၈၀၀၊ ထိုင်းနိုင်ငံ ပြည်သူများမှ ငွေကျပ် ၂၅၅၂၁၂၂၅ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ၊ ကျင်းဟိုင်း၊ မယ်ဆိုင်ကုန်သည်ကြီးများမှ အလှူငွေဘတ် ၄၁၉၈၀၊ မယ်ဆိုင် ကုန်သည်အဖွဲ့မှ အလှူငွေဘတ် ၄၀၀၀၀၊ ကွမ်မင်ဘုံကျောင်းနှင့် ကုန်သည်များက အလှူငွေကျပ်သိန်း၁၀၀တို့ကို လည်းကောင်း၊ မေ ၁၃ရက်တွင် မယ်ဆိုင်လူဝင်မှုကြီးကြပ်ရေးအဖွဲ့မှငွေကျပ်၁၀၉၈၀၀၀ တန်ဖိုးရှိ ဆေးပစ္စည်းများ၊ သောက်ရေသန့်ဘူးများနှင့် လူသုံးကုန်ပစ္စည်းတို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မြင့်ဟန်၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပစ္စည်းလက်ခံရေး အဖွဲ့တို့က စနစ်တကျလက်ခံပြီး သက်ဆိုင်ရာသို့ ဆက်လက်ပေးပို့ခဲ့ကြောင်း သိရသည်။ ထိုင်းနိုင်ငံအလှူရှင်များမှ တာချီလိတ်မြို့မှတစ်ဆင့် လှူဒါန်းသော တန်ဖိုးစုစုပေါင်းမှာ ပစ္စည်းတန်ဖိုးငွေကျပ် ၁၄၄၄၆၄၆၉၉၊ အလှူငွေကျပ် သိန်း ၁၀၀နှင့် ဘတ်၈၁၉၈၀တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ စေတနာရှင်များက ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၂၉

မုန်တိုင်းဒဏ်ခံရသောပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သားမိသားစုများနှင့်စေတနာရှင် ပြည်သူများက အမျိုးသားရေး စိတ်ဓာတ် အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၂၆၉၁၀၂၀၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကိုလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၃၈၆၅၀၀တန်ဖိုးရှိငွေနှင့်ထောက်ပံ့ရေး ပစ္စည်းများကိုလည်းကောင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ စေတနာရှင်ပြည်သူများနှင့်တပ်မတော်သား မိသားစုများက အလှူငွေကျပ် ၉၆၈၁၀၀နှင့် ငွေကျပ် ၂၄၅၆၅၆၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကို လည်းကောင်း၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် သိန်း၁၀၀တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းမှ စေတနာရှင်ပြည်သူများနှင့်တပ်မတော်သားမိသားစုများက အလှူငွေကျပ် ၁၂၉၈၀၀၀၀ကိုလည်းကောင်း၊ မန္တလေးတိုင်းမှ စေတနာရှင် ပြည်သူများက ငွေကျပ်၅၀၇၉၉၆၇၀တန်ဖိုးရှိ ခိုင်းနွား ၅၄ကောင်၊ စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ အဝတ်အထည်မျိုးစုံနှင့် လူသုံးကုန် ပစ္စည်းများကို လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက် လှူဒါန်း ငွေကျပ် ၁၁၆၃၀၀၀၀ အပါအဝင် စေတနာရှင် ပြည်သူများ၏ ယနေ့ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေး ပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၃၈၂၄၀၀၇၀ ဖြစ်ပြီး မေ ၂၉ရက် အထိလှူဒါန်းသည့်ငွေနှင့်ထောက်ပံ့ရေး ပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၀၁၈၇၀၀၆၆၄ ကျပ် ရှိပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လပွတ္တာမြို့နယ်၌ လျှပ်စစ်မီးများ ပြန်လည်ဖြန့်ဝေ

ရန်ကုန် မေ ၂၉

ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်း လပွတ္တာမြို့နယ်ရှိ KV(၄၀၀)ဗို့ ဓာတ်အားလိုင်း ဖြန့်ဝေပေးရာ လမ်းတစ်လျှောက်ရှိ ကွန်ကရစ်ဓာတ်တိုင် ၁၂တိုင်၊ သံတိုင် ဓာတ်တိုင်တစ်တိုင်နှင့် သစ်သားဓာတ်တိုင် ၁၃၀တို့ ပြိုလဲခဲ့ရပြီး သံတိုင်ဓာတ်တိုင် ၄၃တိုင်မှာ ယိုင်နဲ့သွားခဲ့ရသည်။

__ပြန်လည်စိုက်ထူ__

ယခုအခါ မြို့နယ်လျှပ်စစ်ဓာတ်အားပေးအဖွဲ့၏ ကြိုးပမ်းမှုဖြင့် သစ်သားဓာတ်တိုင် အသစ် ၄၄တိုင်၊ တိုင်ဟောင်း ပြုပြင်မှု ၁၀ တိုင်နှင့် ကွန်ကရစ်တိုင် သုံးတိုင်၊ သံတိုင်အဟောင်း ၄၃ တိုင် စုစုပေါင်းဓာတ်တိုင် ၁၀၀တို့ကို ပြန်လည် ပြုပြင် စိုက်ထူပြီးဖြစ်ကြောင်း သိရှိရသည်။

__စီစဉ်ဆောင်ရွက်__

ထို့ကြောင့် လပွတ္တာမြို့ရှိ ဌာနဆိုင်ရာရုံးများ၊ လေဘေးကယ်ဆယ်ရေးစခန်းများနှင့် လမ်းမီးများကို ပြန်လည်ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဓာတ်အားလိုင်း ပြီးစီးမှုအပေါ်မူတည်၍ ရပ်ကွက်များအလိုက် အမြန်ဆုံး လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ (သတင်းစဉ်)

ဂျာမနီနိုင်ငံ Technisches Hilfswerk Co., Ltd. မှလှူဒါန်းထားသည့် ရေသန့်စက်နှစ်လုံးဖြင့် သန့်စင်ထားသည့် သောက်ရေများကို ရေလှောင်ကန်များဖြင့် တွေ့ရစဉ်။ (က-ပ)

သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးသတိပေးနှိုးဆော်ချက်

၁။ ရာသီဥတုဒဏ်ခံနိုင်သည့် အမိုးအကာအောက်တွင် နေထိုင်ကြရန်၊
၂။ အအေးမမိစေရန် နွေးထွေးသောအဝတ်များကို ဝတ်ဆင်နေထိုင်ကြရန်၊
၃။ ရေကိုကျိုချက်သောက်ရန်(သို့မဟုတ်)ကလိုရင်းဆေးခတ်ထားသောရေကိုသာသောက်သုံးရန်၊
၄။ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊
၅။ သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့် အစာများကိုသာ စားသုံးကြရန်၊
၆။ အတတ်နိုင်ဆုံးသန့်ရှင်းသောယင်လုံအိမ်သာကို သုံးစွဲကြရန်၊
၇။ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် မိလ္လာနှင့်အမှိုက်သရိုက်၊ အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ကြရန်၊
၈။ ထိခိုက်မှုအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုဆောင်ရွက်ကြရန်၊
၉။ ရေကြီးပါက မြွေအန္တရာယ်တွေ့ကြုံရတတ်သဖြင့် သတိပြုကြရန်၊
၁၀။ ခြင်ကိုက်မခံရအောင် သတိပြုနေထိုင်ကြရန်၊
၁၁။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ဆေးကြရန်၊
၁၂။ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးသည့်အခါ အဆုတ်ရောင်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မြွေဆိုးကိုက်အန္တရာယ်၊ ထိခိုက်မှုအန္တရာယ်နှင့် အခြားကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။ ဖြစ်ပွားပါက အနီးဆုံး ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ကွန်ပျူတာတက္ကသိုလ်၌ ပြုလုပ်သည့် ၂၀၀၈ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းအဆင့် ကွန်ပျူတာပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကွန်ပျူတာ၊ ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲ တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်း ကြည့်ရှုအားပေး

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၈ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းအဆင့် ကွန်ပျူတာ၊ ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ မြည်လာခန်းမတို့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ 'တန်ဖိုးရှိလှ၊ လူငယ်ဘဝ၊ မူးယစ်ကင်းစင်၊ ကျန်းမာမှု'၊ 'မူးယစ်ဆန့်ကျင်၊ အောင်ပွဲဆင်'၊ 'ပြုစုကုသ၊ အောင်ပွဲရ၊ မူးယစ်ကင်းစင်ဘဝ'၊ 'အမိုက်ကစ၊ ပြာသာဒ်မီးလောင်၊ မူးယစ်ဆေးကို ဝေးဝေးရှောင်'ဟူသော ခေါင်းစဉ်များဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပါဝင်ယှဉ်ပြိုင်

အခြေခံပညာကျောင်းများက တိုင်းအဆင့် ကွန်ပျူတာပြိုင်ပွဲသို့ ၅၃ဦး၊ ကာတွန်းပြိုင်ပွဲသို့ ၅၂ဦး၊ ပန်းချီပြိုင်ပွဲသို့ ၆၅ဦးနှင့် ပိုစတာပြိုင်ပွဲသို့ ၆၃ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

လပွတ္တာမြို့နယ်အတွင်း လယ်ယာမြေ ပြန်လည်ထူထောင်ရေး သက်ဆိုင်ရာ ဌာနဆိုင်ရာများအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် မေ ၂၉

မုန်တိုင်းဒဏ်သင့်ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်းရှိ လယ်ယာမြေများ ပြန်လည်ထူထောင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် ဌာနဆိုင်ရာများအလိုက် ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက မျိုးစပါးများနှင့် ဓာတ်မြေဩဇာများကိုထုတ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ကလည်း ငွေကျပ်သိန်းပေါင်း ၄၄၁၀ကို ထုတ်ချေးရန် စီမံဆောင်ရွက်လျက်ရှိသည်။

ရောက်ရှိ

အလားတူမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျွဲကောင်ရေ ၆၀၀ကို ပေးပို့ရန် စီစဉ်လျက်ရှိရာ ယခုအခါ ကျွဲအချို့ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ထို့အတူ စက်မှုလယ်ယာဦးစီးဌာနက ပျက်စီးမှုနည်းပါးသည့် လယ်ယာမြေများကို ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဝန်ထမ်းများ၏အကူအညီဖြင့် လယ်ယာ (၁၆)ထွန်စက် စီးရေ ၂၃၈စီးကို အသုံးပြုကာ ထွန်ယက်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

လှူဒါန်း

ထို့အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) က လယ်ယာ (၁၆) ထွန်စက် ၆၇ စီးနှင့် အောင်ရှိဖြိုးကုမ္ပဏီက ၃၃၅စီး စုစုပေါင်း ၄၀၂စီး ပေးပို့လှူဒါန်းခဲ့ပြီး လပွတ္တာမြို့သို့ အသုတ်လိုက်ရောက်ရှိနေကြောင်း သိရသည်။

အဆိုပါလယ်ယာ (၁၆)ထွန်စက်များကို လယ်မြေနှင့် လုပ်သားအင်အားအပေါ် မူတည်၍ လယ်သမားများထံ ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၂၉

ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E Chaiya Sasomsub နှင့်အဖွဲ့သည် လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ယနေ့နံနက် ၉ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

တွေ့ဆုံ

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးအား ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့သည် နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ကလိုရင်း ဆေးခတ်၍ ရေကောင်းရေသန့်ရရှိရေးဆောင်ရွက်မှု၊ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲမှုများကို ဦးစားပေး ဆောင်ရွက်လျက်ရှိမှုနှင့် အထူးကုဆရာဝန်ကြီးများ၊ ကွင်းဆင်းကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အတူ ကျန်းမာရေး အသိပညာပေးဆောင်ရွက်မှုများကိုရှင်းလင်းပြောကြားသည်။

မြို့နယ်များတွင် ကွင်းဆင်း ဆေးကုသရေးအဖွဲ့များ ကူညီစေလွှတ်ပြီး ယခုအခါတွင်အဖွဲ့များ လဲလှယ်၍ ကူညီပံ့ပိုးရန် လာရောက်ခြင်းဖြစ်ကြောင်းနှင့် ဆေးဝါးများကိုလည်း ကူညီပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားပြီး ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဒေါက်တာမြဦးက

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E Chaiya Sasomsub တို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ကယ်ဆယ်ရေးစခန်းတွင် ဆေးကုသရေးအဖွဲ့က လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ယင်းသို့တွေ့ဆုံရာတွင် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးအားဒုတိယဝန်ကြီး ဒေါက်တာမြဦးက ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့ရှိ လေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုနှင့် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် အခြေခံကျသည့်

ပေးအပ်လှူဒါန်း

ဆက်လက်၍ ထိုင်းနိုင်ငံပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ကြီးက ထိုင်းနိုင်ငံအနေဖြင့် လေဘေးသင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ချက်အရ မြောင်းမြမြို့နယ်ကို အခြေပြု၍ မြောင်းမြနှင့် လပွတ္တာ

လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့သည် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မောင်းမကန်ကမ်းသာလမ်းရှိ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ကယ်ဆယ်ရေးစခန်း ဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါကုသရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့သည် ကျန်းမာရေးဆေးပေးခန်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဖြည့်ဆည်းထားရှိမှု၊ ကယ်ဆယ်ရေးစခန်းရှိ မိသားစုများ နေထိုင်စားသောက်မှုနှင့် ကယ်ဆယ်ရေးစခန်း ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲထားရှိမှုတို့ကို ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့်ပြန်လည်ထွက်ခွာသွားရာ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ကင်းစင် အလှဆင်

သောက်ရေသန့်များနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်နှင့် အစားအသောက်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက် လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းအတွင်းရှိ သောက်ရေသန့်စက်ရုံများသည် ဆိုင်ကလုန်းမုန်တိုင်း နာဂစ်ကြောင့် ပျက်စီးခြင်း ရှိမရှိနှင့် ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ သောက်ရေသန့်များ ထုတ်လုပ်နိုင်ခြင်း ရှိမရှိကို ကျန်းမာရေးဦးစီးဌာနက စစ်ဆေးလျက်ရှိပါသည်။ စစ်ဆေးပြီးသောက်ရေသန့်လုပ်ငန်းများအနက် အောက်ဖော်ပြပါ သောက်ရေသန့်လုပ်ငန်းများမှာ သောက်ရေသန့် သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါသည်။

စဉ်	သောက်ရေသန့်လုပ်ငန်းအမည်	စဉ်	သောက်ရေသန့်အမည်
၁။	Sunflower သောက်ရေသန့်	၉။	နေလသောက်ရေသန့်
၂။	Zest သောက်ရေသန့်	၁၀။	Comet သောက်ရေသန့်
၃။	SIP သောက်ရေသန့်	၁၁။	Winner သောက်ရေသန့်
၄။	Nawarat သောက်ရေသန့်	၁၂။	PGS သောက်ရေသန့်
၅။	Great သောက်ရေသန့်	၁၃။	YOMA သောက်ရေသန့်
၆။	Fresh Water သောက်ရေသန့်	၁၄။	FIFA သောက်ရေသန့်
၇။	OSAKA သောက်ရေသန့်	၁၅။	Golden Cherry သောက်ရေသန့်
၈။	Star H_2O သောက်ရေသန့်	၁၆။	နေမင်းသောက်ရေသန့်

၃။ သို့ပါ၍ သောက်ရေသန့်လုပ်ငန်းများသည် သောက်ရေသန့် သတ်မှတ်ချက်နှင့်ကိုက်ညီကြောင်း ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပါရန် အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်အောင်ဆောင်ရွက်ရေး မှာကြား

နေပြည်တော် မေ ၂၉

ရခိုင်ပြည်နယ်စစ်တွေမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ မေ ၂၅ ရက် မွန်းတည့် ၁၂နာရီက ကျောက်ဖြူမြို့ရှိ ကျောက်ဖြူတပ်နယ် သတိုးမဟာဗန္ဓုလ ခန်းမ၌ တပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုဝင်များအားတွေ့ဆုံကာ တပ်ရင်းတပ်ဖွဲ့များအလိုက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် လက်တွဲကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကျေးရွာချင်းဆက်လမ်းများကောင်းမွန်အောင်ဆောင်ရွက်ရေး၊ ဌာနဆိုင်ရာများ အနေဖြင့် အောက်ခြေအထိ ကွင်းဆင်းပြီး မိမိနယ်မြေ အခြေအနေများ သိရှိအောင် ဆောင်ရွက်ရေး၊လေမုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းသို့ ခိုင်းကျွဲ၊ နွားများနှင့် ရေငန်ခံ မျိုးစပါးများအား အမြန်ဆုံး ပို့ဆောင်နိုင်ရေး ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ကျောက်ဖြူမြို့မှ မေယု အမြန်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ တောင်ကုတ်မြို့သို့ရောက်ရှိ ညအိပ်ရပ်နားသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၆ ရက် နံနက်ပိုင်းတွင် တောင်ကုတ်မြို့မှ ထွက်ခွာလာ၍သံတွဲမြို့အရှေ့မြောက်ဘက်နစ်မိုင်ခန့်အကွာရှိ သူဌေးရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဇော်က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ယာဉ်၊စက်ယန္တရား ရရှိအသုံးပြုမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ခင်ဇော်က သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

သူဌေးရေအားလျှပ်စစ်စီမံကိန်း

သူဌေးရေအား လျှပ်စစ်စီမံကိန်းသည်သူဌေးချောင်းပေါ်၌တည်ဆောက်ထားပြီး ရခိုင်ပြည်နယ် တောင်ပိုင်းဒေသများသို့ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၈၆ သန်းကို ထုတ်လုပ်ဖြန့်ဖြူးပြီး မဟာဓာတ်အားလိုင်းစနစ်သို့ ဆက်သွယ်ရန်နှင့် ဒေသတွင်း ရေကြီးခြင်းမှကာကွယ်ရန် တည်ဆောက်ခြင်းဖြစ်သည်။ရေလှောင်တမံ အလျား၂၀၂၈ပေ၊အမြင့်၂၉၈ပေ၊ကန်ရေပြည့် ရေလှောင်ပမာဏ ဖဒသမ ၉၆ သိန်းဧကပေရှိကာ ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် တောင်ကုတ်-သံတွဲ လမ်း(၄/၅) မိုင်တိုင်အနီးရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း တောင်ကုတ် ရော်ဘာ စိုက်ပျိုး ထုတ်လုပ်ရေးခြံရှိ ရော်ဘာ ၂၅ ဧက စိုက်ခင်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တောင်ကုတ် ရော်ဘာခြံ လက်ထောက်မန်နေဂျာ ဦးသန့်စင်ဝင်းက တောင်ကုတ်ရော်ဘာခြံ၌ စိုက်ပျိုးထားရှိမှုနှင့် ထုတ်လုပ်မှု အခြေအနေများကို လည်းကောင်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးနိုင်ဦး သံတွဲခရိုင်အတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အခြေ အနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များ မှာကြားသည်။

တောင်ကုတ်ရော်ဘာခြံ

တောင်ကုတ်ရော်ဘာခြံသည် စုစုပေါင်း ၉၃၅ ဧကကျယ်ဝန်းကြီး အစေးလှီးဧရိယာ ၁၁၅ ဧကနှင့် ထိန်းသိမ်းဧရိယာဧက ၁၆၀ရှိကာ ၂၀၀၇-၂၀၀၈ ခုနှစ် တိုးချဲ့စိုက်သည့် ဧရိယာမှာ ဧက ၃၀၀နှင့်တိုင်းပွားခင်း သုံးဧကတို့ဖြစ်ကြောင်းသိရသည်။ ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် တောင်ကုတ်မြို့ပြည်သူ့ဆောက်လုပ်ရေးရုံးသို့ ရောက်ရှိကာ ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးအောင်ဌေးက တောင်ကုတ်-ပန်းတောင်း လမ်းအပိုင်းနှင့် တောင်ကုတ် မအီလမ်းအပိုင်းများနှင့် ပတ်သက်၍ လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေ၊ ၂၀၀၇-၂၀၀၈ ခုနှစ်ဘဏ္ဍာရေးနှင့် လုပ်ငန်းစီမံချက်နှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မအီမြို့နယ် ပြင်ဝန်းဆောက်လုပ်ရေးရိပ်သာသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ မအီ-ကျောက်ဖြူလမ်းအပိုင်းတာဝန်ခံအင်ဂျင်နီယာမှူး ဦးသန်းညွှန့်နှင့် အမ်း-မအီလမ်းအပိုင်းတာဝန်ခံအင်ဂျင်နီယာမှူးဦးအုန်းလွင်တို့က မအီ-ကျောက်ဖြူနှင့် အမ်း-မအီလမ်းအပိုင်းများ ဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ ၂၀၀၇-၂၀၀၈ခုနှစ် လုပ်ငန်းစီမံချက်နှင့် ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ခင်ဇော်ကလိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့သည် မအီ-အမ်း လမ်းမိုင်တိုင်အမှတ် ၃၈/၄ သို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာမှူးဦးအုန်းလွင်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် အော်သဂဲတောင် (၁၇/၆)မိုင်သို့ရောက်ရှိပြီး မြေထိန်းနံရံဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အော်သဂဲတောင်ကြား ရေထုတ်ပြွန်နေရာ၌ ကျောက်စီမြေထိန်းနံရံများ၊ ဆောက်လုပ်မည့်နေရာများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာမှူး ဦးအုန်းလွင်က ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဘယလာဘမုနိ ရုပ်ပွားတော် အဆောက်အအုံများ ပြုပြင်ပြီးစီးမှု ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၈ ရက် နံနက်က အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝန်ကြီးရုံး(ရုံးခွဲ)ဧည့်ခန်းမ၌ Htay Family Co.,Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးလှဌေးနှင့်အဖွဲ့အား တွေ့ဆုံ၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး(ရန်ကုန်ရုံးခွဲ) အတွင်းရှိ ရုံးအဆောက်အအုံနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေးအတွက်ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် သဃ်ာန်းကျွန်းမြို့နယ် သမိုင်းဝင်ရွှေနားပန်စေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး လေဘေးသင့်သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေးအတွက်ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူကာ ဂေါပကအဖွဲ့မှ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းစီမံပေးခဲ့ပြီး အလှူငွေကျပ် တစ်သိန်းကိုလှူဒါန်းသည်။ (သတင်းစဉ်)

ဗဟန်းမြို့နယ် ဆရာစံ မြောက် အနောက်ရပ်ကွက် ကုက္ကိုင်း ရေကူးကန်လမ်း သီရိဂုဏ်ရည်ခြံအမှတ် ၁၀ နေ သီဟသုဓမ္မမဏ်ဍောတရေဆင်မင်း ဦးတင်ရွှေ- ဒေါ်ကြည်ကြည် မိသားစု (ဆင်မင်း ဆပ်ပြာစက်မိသားစု) က ဒေါ်ကြည်ကြည်၏ (၇၂)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ် အောဘယ်လ်(ငြိမ်း)၊ဥက္ကဋ္ဌ ပါရဂူဗိုလ်မှူးကြီး မျိုးညွန့်နှင့် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရီရီမြင့်တို့ လက်ခံယူစဉ်။ (က-ပ)

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် အနုပညာရှင်များ လေဘေးသင့်အိမ်ထောင်စု ၄၀၀အတွက် ပံ့ပိုးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၉

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့ရှိ လေဘေးသင့် ပြည်သူများထံ စေတနာ့ဝန်ထမ်း လုပ်ဆောင်လျက်ရှိသော မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်အနုပညာရှင်များ ပါဝင်သည့်အဖွဲ့အား အိမ်ထောင်စု ၄၀၀ အတွက် ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ ခြုံစောင်၊ အင်္ကျီ၊ ကာဘော်လစ်ဆေးဆပ် ပြာနှင့် သောက်ရေသန့်စင် ဆေးရည်တို့ကို ရွှေသံလွင်ကုမ္ပဏီနှင့် ရော်ဘာထုတ်လုပ်မှုနှင့်စိုက်ပျိုးတိုးတက်ရေးတို့အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော Dr. Ebrahim နှင့် Dr. Rohani (Sheiphia Holding Co., Ltd./Malaysia)၊ ဦးကျော်နိုင်(MD Kyaw Naing Associates)၊ ဦးကံမြင့် (ဂန္ဓာမာ ကံမြင့် ဆောက်လုပ်ရေး)၊ ဦးဇော်မင်း(Zaw Min Trading)၊ ဦးဘထွန်း(A1)၊ ဦးဇော်ဝင်း(Just Fashion)၊ ဦးဝင်းထူး (Milano Fashion)၊ ဦးစိန်ပန်း(၅၂) လမ်းနှင့် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက် (MD, CSG Co.,Ltd.)တို့၏စုပေါင်းလှူဒါန်းသည့်ပစ္စည်းများကို ဦးကျော်နိုင် (လူမှုထူးချွန် တတိယဆင့်)နှင့် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်တို့က လွှဲပြောင်းပေးအပ်ပွဲကို မေ ၂၇ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ၊ ရုပ်ရှင်သရုပ်ဆောင်ခန့်စည်သူနှင့် အကယ်ဒမီ အောင်ခိုင်တို့က လက်ခံကြပြီး ကျေးဇူးတင်စကား ပြောကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟော့ရှော့ဇာတ်ကား ငါးပတ်မြောက်ခြောက်ရုံ အပြိုင်ပြသ မင်္ဂလာအုပ်စု ရုံသက်တမ်းတွင် ငါးပတ်မြောက် ပြသမှု ပထမဆုံးအကြိမ်ဖြစ်

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် မေ ၂၉

ယခု သောကြာပတ်တွင်လည်း သွင်၊ သမ္မတ၊ မင်္ဂလာအဆင့်မြင့် ရုံများတွင် **ဟော့ရှော့**ဇာတ်ကားမှာ ငါးပတ်မြောက် အောင်ပွဲခံ ပြသနေဆဲဖြစ်သည်။ မင်္ဂလာအဆင့်မြင့်ရုံများတွင် အစဉ်အလာအားဖြင့် လေးပတ်ပြည့်လျှင် နောက်ကားသစ်လဲရမြဲဖြစ်သော်လည်း **ဟော့ရှော့** ဇာတ်ကားမှာ ယနေ့တိုင်ရုံပြည့်ရုံလျှံ ပရိသတ်က အားပေးနေဆဲဖြစ်၍ငါးပတ်မြောက် ပြသနေရခြင်းဖြစ်သည်။

နှစ်ဆယ့်တစ်ရာစု ပွဲတင်သံ ဇာတ်ကားမှ ဇာတ်ဝင်ခန်း။

ဟော့ရှော့ဇာတ်ကားကို ရန်ကုန်မြို့၌ မြို့လယ်ရုံများ ဖြစ်သော သမ္မတ၊ သွင်၊ မင်္ဂလာအဆင့်မြင့် ရုံများအပြင် မြို့ပတ်ရုံများဖြစ်သော ရွှေမန်း၊သီတာ၊စံပြရုံများပါခြောက်ရုံ တစ်ပြိုင်တည်းပြသနေပြီး မန္တလေးမြို့တွင် ဝင်းလိုက်ရုံ၌ပါ ပြသဖျော်ဖြေနေဆဲဖြစ်သည်။ ပရိသတ်၏အားပေးမှုမှာ အထူးများပြားလျက်ရှိသည်။

နိုင်ငံခြားဇာတ်ကားများ

ရှေ့ဆောင်ရုံတွင် **Aliens Vs Predatator II** ပြသနေပြီး နေပြည်တော်ရုံတွင် တောတွင်း တိရစ္ဆာန်များနှင့် ကမ္ဘာဦးလူသားမုဆိုးများ တိုက်ပွဲအကြောင်း ရိုက်ကူးထားသော **10000 BC** ဇာတ်ကား ပြသနေဆဲဖြစ်သည်။

အိန္ဒိယဇာတ်ကားများ

ဒါရိုက်တာ ရာဗိကူးမားရဲ ရိုက်ကူးပြီး မင်းသားအာဂျက်ကူးမားရဲနှင့် မင်းသမီး မီးနားကာရန်းတို့အဓိက ပါဝင်ထားသော လူဆိုးအမည်ရ**Villan** ဇာတ်ကား မြို့မရုံတွင်ရုံဝင်လာသည်။ ဘတ်စ်ကားစပယ်ယာနှင့် ယာဉ်မောင်းသူတစ်စုက မမှန်ကန်သော နည်းလမ်းဖြင့် ငွေရှာသူများထံမှ ငွေများကို ခိုးယူပြီး မသန်စွမ်း ဂေဟာများကို သွားရောက်လှူဒါန်းကြရာမှ ဘိန်းဖြူဂိုဏ်းနှင့် ကားစပယ်ယာတို့ ယှဉ်ပြိုင်တိုက်ခိုက်ရပုံများကို အချစ်၊ အလွမ်း၊ အကြမ်းစုံအောင် ရိုက်ချက် ဆန်းများဖြင့် ရိုက်ကူးထားသည်။ အကောင်းဆုံးဇာတ်ကားဆုရပြီး အိန္ဒိယနှင့် နိုင်ငံတကာတွင်ဝင်ငွေစံချိန်တင်ထားသော ဇာတ်ကားဖြစ်သည်။ ဆုထူးပန်ရုံတွင် မတွဲစဖူးအတွဲထူးသည့် စူပါမင်းသားမင်းသမီးများ ဖြစ်သော အက်ရှေးကူးမား၊ ဘော်ဘီ ဒိုးလ်၊ ကရီနားကာပူးရ်၊ လာရာဒက် တား၊ ဂျူအီချ်ဝါးလားတို့ အဓိက ပါဝင်ထားသည့် **Dosti** ဇာတ်ကား ရုံဝင်လာသည်။

အမှန်တရား ဇာတ်ကားမှ ကျော်ရဲအောင်နှင့် ဝိုင်းစုခိုင်သိန်း။

ဟန်လုပ်ကာ ကြေကွဲမဆုံး ဖြစ်နေကြသော ဟော့ရှော့ဇာတ်ကားမှ မေသန်းနုနှင့်မို့မို့မြင့်အောင်။

ဘုရင့်ရုံတွင်အက်ရှင်ဒရမ်မာဇာတ်ကားဖြစ်သည့် **Chaahat**ဇာတ်ကားပြသလျက်ရှိသည်။

အမှန်တရား

ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ဧရာဝတီရုံများတွင် ဒါရိုက်တာ ဝင်းထွန်းထွန်း၏ **အမှန်တရား** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား ပြသနေဆဲဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာကျေးလက်နှင့်မြို့ပြကို အခြေခံကာ ဇာတ်လမ်းဖွဲ့ထားသော ဇာတ်ကားဖြစ်သည်။

ပွဲတင်သံ

ဇာတ်ညွှန်းနှင့်ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင်၏ **နှစ်ဆယ့်တစ်ရာစု ပွဲတင်သံ**ဇာတ်ကားမှာ နဝဒေး၊မဟာမြိုင်ရုံများတွင် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ရဲအောင်၊ ဟိန်းဝေယံ၊ မို့မို့မြင့်အောင်၊ မေသဉ္ဇာဦးနှင့် ချစ်စနိုးဦးတို့အဓိကပါဝင်ထားသည်။ အဖေရင်းကိုပထွေးထင်မှတ်ကာ ပထွေးဆန့်ကျင်သော သားအကြောင်း ဇာတ်လမ်းဖွဲ့ထားသော ဇာတ်ကားဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

သားသမီးတို့အပေါ် အစဉ်လွှမ်းခြုံလျက်ရှိသည့် မိဘ၏ မေတ္တာစေတနာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဒဂုံမြို့သစ်(မြောက်ပိုင်း) ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဒဂုံမြို့သစ်(မြောက်ပိုင်း) ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား ဖြန့်ဝေပေးမည့် ပြည်တွင်းပြည်ပမှ ထောက်ပံ့ရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ မည်သူမျှ လွန်ဆန်၍ မရနိုင်သည့် ရှောင်လွှဲရန် မတတ်နိုင်သည့် သဘာဝဖြစ်စဉ်သာ ဖြစ်ပါသည်။ ကမ္ဘာဦးအစကပင် ဤကမ္ဘာပေါ်၌တည်ရှိခဲ့ပြီး ဒေသတိုင်း၊ နိုင်ငံတိုင်း တစ်ချိန်မဟုတ်တစ်ချိန် သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်သာ ဖြစ်ပါသည်။ လျှော်လှုပ်ခြင်း၊ မုန်တိုင်းတိုက်ခြင်း၊ ရေကြီးခြင်း၊ မီးတောင်ပေါက်ကွဲခြင်းတို့မှ စ၍ ဆူနာမီအထိ ဒေသတိုင်း၊ ပြည်သူတိုင်း မလွဲမသွေ တွေ့ကြုံခံစားကြရစမြဲသာ ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ် ကျရောက်လေတိုင်းလည်း ၎င်း၏ အဖျက်စွမ်းအား ပြင်းထန်ကြီးမားမှုအပေါ်မူတည်၍ ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများ၊ ကြေကွဲဝမ်းနည်းဖွယ် ဖြစ်ရပ်ဆိုးများကို မလွဲမသွေ တွေ့ကြုံခံစားကြရစမြဲသာဖြစ်သည် မဟုတ်ပါလား။

ကျွန်တော်တို့နိုင်ငံ၌လည်း မကြာသေးမီက နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီး၏ဒဏ်ကို နဖူးတွေ့ဒူးတွေ့ ခံစားခဲ့ကြရပါပြီ။ ကျွန်တော်တို့ ပြည်သူများမှာ တစ်သက်နှင့်တစ်ကိုယ် မုန်တိုင်းနှင့် ပတ်သက်၍ အတွေ့အကြုံ ကြီးကြီးမားမား မရှိခဲ့သည့်အတွက် ဤမျှအထိ ပျက်စီးဆုံးရှုံးမှု ကြီးမားလိမ့်မည်ဟု မမျှော်လင့်ခဲ့ပါ။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့နိုင်ငံ၏သမိုင်း၌ မကြုံစဖူးထူးကဲပြင်းထန်လှပြီး အဖျက်စွမ်းအားကြီးမားလှသည့် နာဂစ်မုန်တိုင်းကြီးသည် လတ်တလော အခြေအနေတွင် ယနေ့မီဒီယာများ၏ အဓိက ဇာတ်လိုက်ကျော်ကြီး ဖြစ်နေခဲ့ပါပြီ။ ပြည်တွင်းပြည်ပ မီဒီယာအားလုံး နာဂစ်မုန်တိုင်း အကြောင်း ပြောမဆုံး၊ ရေးမဆုံး၊ ပြမဆုံးဖြစ်နေသည့် အခြေအနေမျိုး၌ မီဒီယာများ၏ တင်ဆက်မှုကြောင့် ကျွန်တော်တို့တစ်တွေသည်လည်း နာဂစ်နှင့်ပတ်သက်သည့် ရသမျိုးစုံကို တွေ့ထိခံစားခွင့် ရနေကြပြီဟု ဆိုချင်ပါသည်။

နာဂစ်မုန်တိုင်းကြီးတိုက်ပြီး ရန်ကုန်တိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသအချို့၌ အပျက်အစီး အဆုံးအရှုံး ကြီးမားခဲ့ပုံများကို မြင်ရသိရကြားရသည့်အခါ လွန်စွာ ထိတ်လန့်အံ့ဩမိသကဲ့သို့ များစွာ ဝမ်းနည်းကြေကွဲခဲ့ကြရပါသည်။ လေဘေးဒုက္ခသည်များအတွက်လည်း အတော်ပင် စာနာပူပန် စိုးရိမ်ကြောင့်ကြခဲ့မိကြပါသည်။ တစ်ဖန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး၏ ကယ်ဆယ်ရေးလုပ်ငန်းများကို အမျိုးသားရေးအဆင့် သတ်မှတ်ပြီး ချက်ချင်းဆောင်ရွက်ကြရန် လမ်းညွှန်ချက်နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးတို့၏ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ကယ်ဆယ်ရေးစောင့်ရှောက်ရေးလုပ်ငန်းများ စတင် ဆောင်ရွက်နေကြသည်ကို မြင်ရသိရပြန်သည့်အခါ လေဘေးဒုက္ခသည်များအတွက် ဘဝင်ကျ စိတ်အေးရသည့်အပြင် နိုင်ငံတော်နှင့် စေတနာရှင် ပြည်သူများ၏ အားမာန်အပြည့်ဖြင့် တက်တက်ကြွကြွ သယ်ပိုးထမ်းရွက်နေကြပုံများ၊ စေတနာ အပြည့်ထားပြီး ကယ်ဆယ်စောင့်ရှောက်ကူညီနေကြပုံများကလည်း ဝမ်းသာအားတက် ယုံကြည်မှုများကို မွေးဖွားပေးနိုင်ခဲ့ပြန်ပါသည်။ ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် အပါအဝင် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးများ၊ တိုင်းမှူးများ၊ တပ်မမှူးများ၊ ဒုတိယဝန်ကြီးများအားလုံး ဒုက္ခသည်များနှင့်အတူ မိုးထဲရေထဲ၌ ရှန်းကန် လက်တွဲလှုပ်ရှားနေကြသည်များ၊ တရင်းတနှီး အားပေးစောင့်ရှောက်ပံ့ပိုးနေကြသည်များ မြင်ရတွေ့ရပြန်သည့်အခါတွင်လည်း အစိုးရနှင့်ပြည်သူဆိုသည် မိဘနှင့် သားသမီးသဖွယ်ပါပဲဟု တွေးရင်း ဘယ်ပန်းချီ ရေးမမီနိုင်သည့် မိဘမေတ္တာကိုခံစားမိပြီး မျက်ရည်များပင် လည်ခဲ့မိပါ၏။

လမ်းညွှန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာ ကယ်ဆယ်ရေးစခန်းတွင် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒဂုံမြို့သစ်(တောင်ပိုင်း) ကယ်ဆယ်ရေးစခန်း ကျန်းမာရေးဆေးခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမှန်တကယ်လည်း အစိုးရနှင့် ပြ
သားသမီးသာဖြစ်ပါ၏။ ကိုယ့်သားသမီး ဒုက္
မိဘမျိုးကမျှ မျက်နှာလွှဲနေနိုင်မည်မဟုတ်
ရောက်ခြင်းသည် ကိုယ်တိုင်ဒုက္ခခံစားရခြင်း
ပူလောင်စေပါသည်။ ထို့ကြောင့်လည်း
ဒုက္ခခံလိုက်ချင်တယ်”ဟု မိဘများက ပြော
တကယ်လည်း မိဘတိုင်းသည် အရေးအခြေ
များ၏ရှေ့က ရင်ကော့ပြီး မားမားမတ်မတ်
ယခုကဲ့သို့ သားသမီးဖြစ်သည့် ပြည်သူများ
မိဘအရာထားရသည့် ဝန်ကြီးချုပ်နှင့် လူကြီး
ပြီး ဒုက္ခကို ထပ်တူမျှဝေခံစားပေးရင်း နွေး

နိုင်ငံတော်အကြီးအကဲ၏ နွေးထွေးလှိုက်လှဲသော အားပေး
လေဘေးဒဏ်ကြောင့် ဒုက္ခရောက်ပြီး ညှိုးနွမ်းအားငယ်နေသည့်
အားတက်ရွှင်လန်း အပြုံးပန်းများဝေစေခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီး
များ ရင်းနှီးနွေးထွေးစွာ တွေ့ဆုံအားပေးနေသည့် မြင်ကွင်းကို ရုပ်
စောင့်မျှော်ကြည့်ရှုရင်း ကျွန်တော်တို့ ပြည်သူများအားလုံးလည်း အ
နှင့်အတူ ကိုယ်စီအပြုံးပန်းများ ပွင့်လန်းဝေဆာ ကြည်နူးခဲ့ကြရပ

မေတ္တာစေတနာများ (၁)

ကျော်ရဲမင်း

ရှောက်
များကို
ကြီးချုပ်
(လေ)၊
မှုးများ၊
ရေထဲ၌
အားပေး
င်လည်း
တွေးရင်း
များပင်

အမှန်တကယ်လည်း **အစိုးရနှင့် ပြည်သူဆိုသည်မှာ မိဘနှင့် သားသမီးသာဖြစ်ပါ၏။ ကိုယ့်သားသမီး ဒုက္ခရောက်နေချိန်၌ ဘယ်လို မိဘမျိုးကမျှ မျက်နှာလွှဲနေနိုင်မည်မဟုတ်ပါ။ သားသမီးများ ဒုက္ခ ရောက်ခြင်းသည် ကိုယ်တိုင်ဒုက္ခခံစားရခြင်းထက် မိဘတို့ရင်ကို ပိုပြီး ပူလောင်စေပါသည်။ ထို့ကြောင့်လည်း "မင်းတို့အစား ငါတို့ပဲ ဒုက္ခခံလိုက်ချင်တယ်"ဟု မိဘများက ပြောလေ့ရှိကြခြင်းဖြစ်ပေမည်။ တကယ်လည်း မိဘတိုင်းသည် အရေးအကြောင်းဆိုလျှင် သားသမီး များ၏ရှေ့က ရင်ကော့ပြီး မားမားမတ်မတ် ရပ်ကြမြဲသာဖြစ်ပါ၏။** ယခုကဲ့သို့ သားသမီးဖြစ်သည့် ပြည်သူများ ဒုက္ခရောက်နေချိန်တွင် မိဘအရာထားရသည့် ဝန်ကြီးချုပ်နှင့် လူကြီးများကိုယ်တိုင် ကွင်းဆင်း ပြီး ဒုက္ခကို ထပ်တူမျှဝေခံစားပေးရင်း နွေးနွေးထွေးထွေးဖြင့် အားပေး ကူညီစောင့်ရှောက်နေသည့် ပုံရိပ်များသည် ကျွန်တော်တို့အတွက် ကရုဏာရသနှင့် ဟဒယပီတိကို ပြိုင်တူပေးစွမ်းနိုင်ခဲ့ပါ၏။

နိုင်ငံတော်ပိုင်းအနေဖြင့် ဒုက္ခသည်များအတွက် ဆန်၊ ရိက္ခာ၊ ယာယီ အမိုးအကာ၊ ဆေးဝါး စသည့် လတ်တလော လိုအပ်ချက်များ ကို ဗဟိုအဆင့်မှ စီမံတွက်ချက် ဖြည့်ဆည်းထောက်ပံ့ပေးခဲ့သကဲ့သို့ ပြည်တွင်းပြည်ပ အလှူရှင်များ၏ လှူဒါန်းကူညီမှုများနှင့်လည်း ပံ့ပိုး ပေးလျက်ရှိသည်။ လိုအပ်သည့်နေရာများသို့ လိုအပ်သည့် ပစ္စည်းများ အချိန်မီရရှိအောင် ပံ့မှန်ထောက်ပံ့ရေး လမ်းကြောင်းများလည်း စီစဉ် ပေးနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ အခြေခံအဆင့် ကယ်ဆယ်စောင့်ရှောက်မှု လုပ်ငန်းများ အတော်အသင့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးသည့်နောက်တွင် **နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မေလ ၁၈ရက်နေ့မှ ၂၂ရက်နေ့အထိ လေဘေးသင့်ဒေသများသို့ ကွင်းဆင်း သွားရောက် စစ်ဆေးပြီး လေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေးခဲ့ပါသည်။** ဝန်ကြီးချုပ်ကိုယ်တိုင် အနီးကပ် ကြီးကြပ်ဆောင်ရွက်နေခြင်း ဖြစ်သည့် တိုင် နိုင်ငံတော်အကြီးအကဲအနေနှင့်လည်း လေဘေးသင့်ပြည်သူများကို ကိုယ်တိုင် တွေ့ဆုံအားပေးပံ့ပိုး ဆောင်ရွက်ပေးလိုသည့် မိဘသဖွယ် စိတ်ဓာတ်အရင်းခံမျိုးနှင့် များပြားလှသည့် နိုင်ငံ့တာဝန်များကြားက မရအရအချိန်ယူပြီး မရောက်ရောက်အောင် သွားခဲ့ခြင်းပင်ဖြစ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးသည် လှိုင်သာယာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံ မြို့သစ်(မြောက်ပိုင်း)၊ ကွမ်းခြံကုန်း၊ဒေးဒရဲ၊ ဖျာပုံ၊ ပုသိမ်၊ လပွတ္တာ၊ မြောင်းမြ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး စသည့် အဓိက လေဘေးဒဏ် ခံရသည့်ဒေသများသို့ အရောက်သွားပြီး ဒုက္ခသည် ပြည်သူများကို ရင်းနှီးနွေးထွေးစွာ တွေ့ဆုံ အားပေးခဲ့ပါသည်။ ထို့အပြင် အတွေ့ အကြုံရင့်ကျက်ပြီး အမြော်အမြင်ကြီးမားသူပီပီ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု များအပေါ် သုံးသပ်ပြီး ပိုမိုထိရောက်ကောင်းမွန်သည့် အမှန်တကယ် လိုအပ်သည့် လမ်းညွှန်ပံ့ပိုး ဆောင်ရွက်မှုများကိုလည်း ဆုံးဖြတ် ချမှတ်ပေးနိုင်ခဲ့ပါသည်။ ဒေသခံဒုက္ခသည်များအတွက် အမြဲတမ်း စွဲထင် အမှတ်ရနေစေမည့် တွေ့ဆုံအားပေး ပံ့ပိုးမှုများဖြစ်သကဲ့သို့ ဒေသအတွက်လည်း ရာသက်ပန် အကျိုးဖြစ်ထွန်းစေမည့် ရလဒ်များ အထင်အရှား ကျန်ရစ်စေခဲ့မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော် အကြီးအကဲ၏ အဆိုပါ ခရီးစဉ်သည် အမှန်ပင်ထူးခြားပြီး အကျိုး ကျေးဇူးကြီးမားလှသည့် ခရီးစဉ်ဖြစ်ပါ၏။

နိုင်ငံတော်အကြီးအကဲအနေဖြင့် မုန်တိုင်းကျရောက်ပြီးသည်နှင့် တစ်ပြိုင်နက် လေဘေးသင့်ဒေသများသို့ သွားရောက်ရန် ရည်စူးခဲ့ ပါသည်။ သို့သော် ဝန်ကြီးချုပ်ကိုယ်တိုင် ဦးဆောင်ပြီး လုပ်နေသည့် ကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်နှင့် အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ပါစေတော့ဆိုသည့် ဆင်ခြင်သုံးသပ်မှုမျိုးနှင့် ယခုကဲ့သို့ လုပ်ငန်းများ အတော်အသင့် ဆောင်ရွက်ပြီးစီးသည့် အခြေအနေ ရောက်မှ လာရောက်ခဲ့ခြင်း ဖြစ်ပါသည်။ မိမိ၏ ပုဂ္ဂလိကဆန္ဒထက် ဒုက္ခသည်များ၏အရေးကို ဦးစားပေးပြီး ကယ်ဆယ်စောင့်ရှောက်ရေး လုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်နိုင်သည်အထိ ခေတ္တ စောင့်ဆိုင်းပေးခဲ့သည့် နိုင်ငံတော် အကြီးအကဲ၏ ဆင်ခြင်တွေးခေါ်မှုနှင့် ရင်တွင်းမှ စေတနာအမှန်ကို သိလိုက်ရပြန်သည့်အခါ နိုင်ငံတော်အကြီး အကဲအပေါ် အမျိုးမျိုး ဝေဖန်ပုတ်ခတ်နေကြသည့် ပြည်တွင်းပုဆိန်ရိုး အချို့နှင့် ပြည်ပမီဒီယာများကို စိတ်ပျက်လက်ပျက်နှင့် "ကဲ-ဘာပြောချင်ကြသေးလဲ"ဟူ၍သာ မေးလိုက်ချင်ပါတော့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒေးဒရဲမြို့နယ် ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူ များအား အမိုးအကာ လုံခြုံစွာ စနစ်တကျနေရာချထားပေးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

... နွေးထွေးလှိုက်လှဲသော အားပေးစကားများက ... ပြီး ညှိုးနွမ်းအားငယ်နေသည့် ပြည်သူများကို ... ဝေစေခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီးနှင့် ဒုက္ခသည် ... အားပေးနေသည့် မြင်ကွင်းကို ရုပ်မြင်သံကြား၌ ... တို့ ပြည်သူများအားလုံးလည်း အားရကျေနပ်မှု ... ပွင့်လန်းဝေဆာ ကြည်နူးခဲ့ကြရပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး အားပေးရန် အဖွဲ့ဝင်များနှင့်အတူ မေလ ၁၈ရက် မွန်းလွဲ ၁ နာရီ ၁၀မိနစ်တွင် တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီးအား ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လေဘေးသင့်ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ ဗိုလ်ချုပ်မှူးကြီးက ပြန်လည်ဆွေးနွေး သုံးသပ်ပြီး ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများကို လမ်းညွှန်မှာကြားခဲ့ပါသည်။

၄င်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီ မိနစ်၄၀တွင် လှိုင်သာယာ မြို့နယ်ရှိ အတွင်းပဒံကယ်ဆယ်ရေး စခန်းသို့ရောက်ရှိပြီး လေဘေးသင့်ပြည်သူများအား နိုင်ငံတကာမှ ပေးပို့လှူဒါန်းသည့် ရွက်ဖျင်တဲများဖြင့် အမိုးအကာလုံခြုံစွာ စနစ်တကျ နေရာချထားပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီးသည် ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများ၏ ထောက်ပံ့ရေးပစ္စည်းများ ရရှိမှုအခြေအနေ၊ သုံးရေအတွက် ရေတုံကင်များ တပ်ဆင်ပေးထားမှု၊ ကျန်းမာရေးအတွက် ရေလောင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လှိုင်သာယာမြို့နယ် ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများ အသုံးပြုလျက်ရှိသည့် ရေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အိမ်သာများ တည်ဆောက်ပေးထားမှုနှင့် လှိုင်သာယာမြို့နယ် အမှတ်(၇) အခြေခံပညာအလယ်တန်း ကျောင်း၏ အမိုးများကို ကျောင်းဖွင့်ချိန်အမီ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ပါသည်။ ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၇)ရပ်ကွက် ရတနာပုံလမ်းရှိ အထူး ကယ်ဆယ်ရေးစခန်းသို့လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် မောင်းမကန် ကမ်းသာလမ်းရှိ ကယ်ဆယ်ရေးစခန်းသို့ လည်းကောင်း ရောက်ရှိကြပြီး ဒုက္ခသည်ပြည်သူများအား ရင်းရင်း နှီးနှီး လိုက်လံတွေ့ဆုံ အားပေးစကားပြောကြားခဲ့ကြပါသည်။ **နိုင်ငံတော်အကြီးအကဲ၏ နွေးထွေးလှိုက်လှဲ သော အားပေးစကားများက လေဘေးဒဏ်ကြောင့် ဒုက္ခရောက်ပြီး ညှိုးနွမ်းအားငယ်နေသည့် ပြည်သူများကို အားတက်ရွှင်လန်း အပြုံးပန်းများဝေစေခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီးနှင့် ဒုက္ခသည်များ ရင်းနှီးနွေးထွေးစွာ တွေ့ဆုံအားပေးနေသည့်မြင်ကွင်းကို ရုပ်မြင်သံကြား၌ စောင့်မျှော်ကြည့်ရှုရင်း ကျွန်တော်တို့ ပြည်သူများ အားလုံးလည်း အားရကျေနပ်မှုနှင့်အတူ ကိုယ်စီအပြုံးပန်းများ ပွင့်လန်းဝေဆာ ကြည်နူးခဲ့ကြရပါသည်။**

နောက်တစ်နေ့ မေလ ၁၉ရက်နေ့ နံနက် ၇ နာရီ မိနစ် ၅၀ တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိကြပါသည်။ ရောက်ရှိပြီးနောက် ကွမ်းခြံကုန်းမြို့၏လေဘေးဒဏ်သင့်မှုအခြေအနေနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးပါသည်။ ယင်းနောက် အောင်ဆန်းသူရိယလှသောင်း အားကစားကွင်းရှိ ကွမ်းခြံကုန်းမြို့နယ် လေဘေးကယ်ဆယ်ရေးစခန်း ရှင်းလင်းဆောင်၌ ကွမ်းခြံကုန်းဒေသနှင့် ဒေးဒရဲဒေသတို့တွင်ကယ်ဆယ်ရေး နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်နေသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် လွန်းသီက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးက လိုအပ် သည်များကို မေးမြန်းညှိနှိုင်း ဖြည့်ဆည်းပေးပြီး လမ်းညွှန်အမှာစကား ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသည် ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံ အားပေး စကားပြောကြားပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆေးပေးခန်းကိုပါ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် နံနက် ၉နာရီ ၁၀မိနစ်တွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာ ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိပြီး ကယ်ဆယ်ရေးစခန်းဆေးပေးခန်း၌ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ယင်းနောက် ဆိုလာဓာတ်အားပေးစနစ်ဖြင့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ထားရှိမှုနှင့် စီဒီအမ်အေ ဆက်သွယ် ရေးစခန်း ဖွင့်လှစ်ထားရှိမှု၊ အဝီစိတွင်းမှ ရေကို ရေသန့်စင်စက်ဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက် ထားရှိမှု၊ ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား မီးစက်ဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက် ထားရှိမှု၊ ဂက်စ်မီးဖိုများဖြင့် ချက်ပြုတ်စားသောက်ရေး အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ကယ်ဆယ်ရေးစခန်းရှိပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့ပါသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

မြို့သစ်တည်ဆောက်မည့် အကွက်ချပုံစံကို ရေရှည်မျှော်မှန်းရေးဆွဲ သဘာဝဘေးအန္တရာယ်မျှော်မှန်း၊ ထိုက်သင့်သည့်အကာအကွယ်ပေးနိုင်အောင်ဆောင်ရွက် မြို့သစ်ဆိပ်ကမ်းများသို့ ရေယာဉ်များအချိန်မရွေးဆိုက်ကပ်နိုင်အောင် စနစ်တကျစီမံ

နေပြည်တော် မေ ၂၉

တနင်္သာရီတိုင်း မြိတ်မြို့တွင် ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၅ရက် နံနက်၈နာရီက မြိတ်မြို့သစ် ကဘင်းရေလှောင်တမံ စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးလှသန်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လင်းတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ကဘင်းရေလှောင်တမံ စီမံကိန်းကို မြိတ်မြို့သစ် သောက်သုံးရေ ဖြန့်ဝေပေးနိုင်ရေး လုပ်ငန်းအတွက် ငွေကျပ်သန်းပေါင်း ၃၈၀ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အမြင့် ၃၅ ပေ၊ အလျားပေ ၄၇၀ ရှိ မြေသားတမံ အမျိုးအစားဖြစ်ကာ ရေဂါလန် ၄၅ သန်း သိုလှောင်နိုင်ကြောင်းသိရသည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နံနက် ၈ နာရီခွဲတွင် နည်းပညာတက္ကသိုလ်(မြိတ်)တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဦးအေးမင်းထွန်းနှင့် စီဗယ်တက်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းထွန်းတို့က နည်းပညာတက္ကသိုလ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသကြပြီး ဗိုလ်ချုပ်သာအေးက တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် တက္ကသိုလ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့သစ် တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဝင်းက မြိတ်မြို့သစ် တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ကုမ္ပဏီလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

စနစ်တကျစီမံ

ထို့နောက် တိုင်းမှူးက မြိတ်မြို့သစ်တည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်သာအေးက မြို့သစ်တည်ဆောက်မည့် အကွက်ချပုံစံကို ရေရှည်မျှော်မှန်း၍ စနစ်တကျရေးဆွဲဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ်ကို မျှော်မှန်း၍ ထိုက်သင့်သလောက် အကာအကွယ်ပေးနိုင်အောင် ဆောင်ရွက်ရန်နှင့် မြို့သစ်ဆိပ်ကမ်းများသို့ ရေယာဉ်များ အချိန်မရွေးဝင်ထွက် ဆိုက်ကပ်ရပ်နားနိုင်အောင် စနစ်တကျစီမံဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့သစ် တည်ဆောက်ရေးလုပ်ငန်းများနှင့် တည်ဆောက်ပြီး ရေယာဉ်ဆိပ်ခံတံတားများတွင် ကုန်တင်ရေယာဉ်များဝင်ထွက် ဆိုက်ကပ်ရပ်နားနေမှုများကိုလိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ညပိုင်းတွင် ဗိုလ်ချုပ်သာအေးသည် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်း စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရာ တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များက ဒေသဝမ်းစာဖူလုံမှု အခြေအနေများနှင့် မိုးစပါးစိုက်ဧက ငါးသိန်းပြည့်မီအောင် စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်သာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ၈၉ ရပ်ကွက် ကနောင်မင်းသားကြီးလမ်း ပဏ္ဍိတာရာမ ကျောင်းတိုက်၌ မေ ၂ ရက်နှင့် ၃ ရက်က တိုက်ခတ်သွားသော မုန်တိုင်းကြောင့် ပျက်စီးသွားသော သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရန်အတွက် ရန်ကုန်တိုင်း တာမွေမြို့နယ် ကျားကွက်သစ် စံပြရပ်ကွက် ကျိုက္ကဆံလမ်း အမှတ်၁၈၄ရှိ **DSP**ဘော်ဒါမိသားစုက အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **DSP**ဘော်ဒါမိသားစုသည် မုန်တိုင်းကြောင့်ပျက်စီးသွားသော သာသနိက အဆောက်အအုံများ ပြင်ဆင်နိုင်ရန် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်အတွင်းရှိ ဒေါ်ရွှေပု ဓမ္မရိပ်သာ သီလရှင်ဆရာလေး ဒေါ်ဂုဏထံသို့ အလှူငွေကျပ် လေးသိန်းကိုလည်းကောင်း၊ ဗဟန်းမြို့နယ် ရွှေကြက်ယက်ကျောင်းဝင်းအတွင်းရှိ ဆင်ဖြူရတနာကျောင်း ပြန်လည်ပြုပြင်ရန် ဆရာတော်ဦးအဂ္ဂဝံသထံသို့ အလှူငွေကျပ် လေးသိန်းကိုလည်းကောင်း၊ တာမွေမြို့နယ်ရှိ မြို့ဦး ပရိယတ္တိစာသင်တိုက်သို့ အလှူငွေကျပ်ငါးသောင်း လှူဒါန်းခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** (က-ပ)

သန်လျင်မြို့နယ်မှ လေဘေးသင့်ကျောင်းသားများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

ရန်ကုန် မေ ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်းရှိ လေဘေးသင့်မိသားစုဝင်များ၏အခြေခံပညာကျောင်းများ၌ ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများအား မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး သတင်းပတ်အဖြစ် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၀နာရီက သန်လျင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပရာ သန်လျင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ပြာဝင်းကလုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသားကျောင်းသူများအား ငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများကို ထောက်ပံ့လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ သန်လျင်မြို့နယ်မှ လေဘေးသင့်မိသားစုဝင်များ၏ သားသမီးများအား ကျောင်းသုံးပစ္စည်းနှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့လှူဒါန်းစဉ်။

(သတင်းစဉ်)

ကျန်းမာရေးဒုတိယဝန်ကြီး ဒေါက်တာမြဦး လေဘေးသင့်လူနာများအား လှည့်လည်ကြည့်ရှုအားပေး

ရန်ကုန် မေ ၂၉

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ယမန်နေ့ နံနက်၁၀နာရီက ဗဟိုဆေးသိုလှောင်ရေးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများအား တွေ့ဆုံ၍ လေဘေးသင့်ဒေသနေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဆေးအဖွဲ့များစေလွှတ်မှု၊ ဆေးဝါးများ သိုလှောင်ထားရှိမှု၊ ဆေးဝါးများပံ့ပိုးမှု စနစ်တကျဖြစ်စေရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် ဗဟိုဆေးသိုလှောင်ရေးဌာနတွင် ရောက်ရှိနေသော နိုင်ငံတကာမှ ကူညီပံ့ပိုးမှုရရှိသည့်ဆေးနှင့်ဆေးပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် ထုပ်ပိုးဖြန့်ဝေပို့ဆောင်မှုများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ထိခိုက်ဒဏ်ရာ ခွဲစိတ်ကုသဆောင်နှင့် အထွေထွေခွဲစိတ်ကုသဆောင်များ၌ တက်ရောက်ကုသမှုခံယူနေသော လေဘေးသင့်လူနာများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မျက်နှာ၊ မေးရိုးနှင့်ခံတွင်း ခွဲစိတ်ပြုပြင်ကုသမှုဌာန၌ တက်ရောက်ကုသမှု ခံယူနေသော လေဘေးသင့်လူနာများအား သွားရောက်ကြည့်ရှုအားပေးပြီး ဖျာပုံမြို့နယ်မှသားဖွားဆရာမ ဒေါ်ခင်မာအေးအား ထောက်ပံ့ငွေများပေးအပ်ကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

လေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ ပါဝင်သောအဖွဲ့သည် မေ ၂၅ရက်က ဒေးဒရဲမြို့နယ် လှဲဆိပ်ချောင်းကြီးကျေးရွာအုပ်စုနှင့် ကျုံဒတ်ကျေးရွာအုပ်စုတို့သို့ ဒေးဒရဲမြို့မှတစ်ဆင့် သွားရောက်ပြီး လေမုန်တိုင်းဒဏ်သင့် ပြည်သူများအားတွေ့ဆုံ၍ အားပေးစကားပြောကြားကြကာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က လှူဒါန်းသော ဆန်အိတ်များ၊ တာပေါ်လင်စများ၊ ရေသန့်ဘူး၊ Solar Power Lamp များ၊ ဆေးဝါးများ၊ ဆပ်ပြာများ၊ စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များကိုလည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းများအတွက် သင်္ကန်းများကိုလည်းကောင်း လှူဒါန်းကြသည်။

လှူဒါန်း

လှူဒါန်းသည့် စုစုပေါင်းပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၄၀၉ သိန်းကျော် ရှိကြောင်းသိရသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းအဆင့် ကာတွန်း၊ ပန်းချီပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းအဆင့် ကာတွန်း၊ ပန်းချီပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြည်ီလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းနိုင်၊ ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်မြင့်နှင့် ရိုးရာပန်းပညာရှင်များအဖွဲ့မှ တာဝန်ရှိသူများက တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် "တန်ဖိုးရှိလှ၊ လူငယ်ဘဝ၊ မူးယစ်ကင်းစင်၊ ကျန်းမာမှ"၊ "မူးယစ်ဆန့်ကျင်၊ အောင်ပွဲဆင်"၊ "ပြုစုကုသ၊ အောင်ပွဲရ၊ မူးယစ်ကင်းစင်ဘဝ"၊ "အမိုက်ကစ၊ ပြာသာဒ်မီးလောင်၊ မူးယစ်ဆေးကို ဝေးဝေးရှောင်" ခေါင်းစဉ်များဖြင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

အိုပက်အဖွဲ့မှ အင်ဒိုနီးရှားနုတ်ထွက်မည်

ဂျကာတာ မေ ၂၉

အင်ဒိုနီးရှားနိုင်ငံသည် ရေနံထုတ်လုပ်မှုပမာဏ လျော့နည်းလာမှုကြောင့် ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)အဖွဲ့မှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း အင်ဒိုနီးရှား စွမ်းအင်အရာရှိများက မေ ၂၈ရက်၌ ပြောကြားသည်။

ပျက်စီးလျက်ရှိ

မိမိတို့နိုင်ငံအနေဖြင့် တစ်ချိန်ချိန်တွင် အိုပက်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ရန် ဖြစ်လာမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ရေနံထုတ်ယူနိုင်မည့် သယံဇာတများလည်း တဖြည်းဖြည်းနှင့် ပျက်စီးဆုံးရှုံးလျက်ရှိကြောင်း အင်ဒိုနီးရှား စွမ်းအင်ဝန်ကြီး ပူရာနိုမိုယူဟီတိုရိုက ပြောကြားသည်။

စတင်ပေးဝေ

အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှတွင် တစ်ဦးတည်းသော အိုပက်အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ယခုအခါ ရေနံကို ပြည်တွင်း၌ သုံးစွဲရန်သာ ထုတ်လုပ်နိုင်သည့်အပြင် အင်ဒိုနီးရှားအနေဖြင့် ပြည်ပမှ ရေနံတင်သွင်းမှုများကို မေ ၂၀ရက်မှ စတင်ပေးဝေဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

ဘရာဇီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအဖြစ် ကားလို့စ်မင့်ခ် ရာထူးလက်ခံလိုက်ပြီ

ဘရာဆီးလီးယား မေ ၂၉

ဘရာဇီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအဖြစ် ကားလို့စ်မင့်ခ်က ရာထူးလက်ခံလိုက်သည်။ အစိုးရ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒများနှင့် အဆင်မပြေဖြစ်ပြီးနောက် ရာထူးမှနုတ်ထွက်သွားသူ ဝန်ကြီး မရီနာဆီးလ်ဗား၏နေရာတွင် ကားလို့စ်မင့်ခ်က အစားထိုးတာဝန်ယူခြင်းဖြစ်သည်။

အမေဇုန်သစ်တောပြုန်းတီးမှုကို ကားလို့စ်မင့်ခ်အနေဖြင့် တားဆီးနိုင်မှ တားဆီးနိုင်ပါမည်လားဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက စိုးရိမ်စဉ်သူက ရာထူးလက်ခံလိုက်ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဆိုနီအီလက်ထရွန်နစ် အရောင်းပြခန်းကို မေ ၂၉ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)



အသစ်ထုတ်လုပ်လိုက်သည့် အာကာသကုန်တင်ယာဉ်ငယ်

ဘာလင် မေ ၂၉

အာကာသယာဉ်မှူးတစ်ဦးနှင့် ကုန်ပစ္စည်းများကို တင်ဆောင်ပျံသန်းနိုင်သော အာကာသကုန်တင်ယာဉ်ငယ်တစ်စင်း(အပေါ်ပုံ**)အား ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် မေ ၂၈ရက်က ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ လေကြောင်းပြပွဲ၌ ပြသခဲ့သည်။**

ဦးစားပေး

ဂျူလက်စ်ဗာနေးဟု လောလောဆယ်အမည်ပေးထားသော အဆိုပါ အာကာသကုန်တင်ယာဉ်ကို အီးအေဒီအက်စ်အေထရမ်ကုမ္ပဏီက ထုတ်လုပ်လိုက်ခြင်းဖြစ်သည်။ ဂျူလက်စ်ဗာနေး အာကာသကုန်တင်ယာဉ်တွင် အာကာသယာဉ်မှူးတစ်ဦးသာ လိုက်ပါနိုင်ပြီး ကုန်ပစ္စည်းများ တင်ဆောင်နိုင်ရန် ဦးစားပေးထားသည်။

ပါဝင်

ယခု တီထွင်ထုတ်လုပ်လိုက်သည့် အာကာသယာဉ်ငယ်သည် အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်လာမည့် အာကာသခရီးသွားလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ထုတ်လုပ်မှုတစ်ရပ် ဖြစ်သည်။ ဂျူလက်စ်ဗာနေး အာကာသယာဉ်တွင် သားရေဖြင့်ပြုလုပ်ထားသော ထိုင်ခုံသုံးလုံး၊ အာကာသယာဉ်ပျံသန်းမှု အနေအထားနှင့် ပတ်သက်၍ သိရှိရန် ရုပ်မြင်သံကြား ဖန်သားမျက်နှာပြင်တစ်ခု၊ ကုန်ပစ္စည်းများထားရှိရန် နေရာတို့ ပါဝင်ကြောင်းသိရသည်။

ပြောကြား

နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ သွားရောက်မည့်သူများအတွက် ယခုအခါ စနစ်တကျ လေ့ကျင့်ပေးမှုများလည်း ပြုလုပ်သွားမည်ဖြစ်သည်။ ယခုထုတ်လုပ်လိုက်သော အာကာသယာဉ်ငယ်ဖြင့် ခရီးသွားလိုသူများ မြေပြင်စခန်းသို့ သတင်းပို့ရန်အတွက် အဆင်ပြေအောင် ဆောင်ရွက် ပေးရကြောင်း ပြောကြားသည်။ (အင်တာနက်)

အာကာသသိပ္ပံ

နျူစေ့စပ်ရေးမှူးဟောင်း အလီလာရီဂျာနီ အီရန်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရ

တီဟီရန် မေ ၂၉

အီရန်ကွန်ဆာဗေးတစ်များက အီရန်နျူကလီးယားစေ့စပ်ရေးမှူးဟောင်း အလီလာရီဂျာနီအား အီရန်လွှတ်တော်ဥက္ကဋ္ဌအဖြစ် မေ ၂၅ရက်က ရွေးချယ်လိုက်သည်။

အလီလာရီဂျာနီသည် ပြီးခဲ့သည့်နှစ်က အီရန်နိုင်ငံ၏ နျူကလီးယားစေ့စပ်ရေးမှူးအဖြစ်မှ နုတ်ထွက်ခဲ့ပြီး ယခုနှစ်မတ်လ ပါလီမန်ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခံရသည်။

ရွေးချယ်လိုက်

လာရီဂျာနီအား လွှတ်တော်ဥက္ကဋ္ဌအဖြစ် ပါလီမန်တွင် ထောက်ခံမဲ ၁၆၁မဲ၊ ကန့်ကွက်မဲ ၅၀ဖြင့် မဲခွဲရွေးချယ်လိုက်ခြင်း ဖြစ်သည်။

(အမ်အင်န်အေ၊ ဆင်ဟွာ)

ဘဝအမောပြေ

လေ့ကျင့်ခန်းလုပ်နေတယ် ....

စာမေးပွဲနီးသဖြင့် ကျောင်းပိတ်ရက်တွင် ကျောင်း၌စာခေါ်သင်သည့် ဆရာမက တပည့်များကို မှာကြားလေသည်။

ဆရာမ ။ ။ စာမေးပွဲနီးပြီ၊ စာတွေရအောင်ကျက်ရမယ်။
တပည့်များ ။ ။ ဟုတ်ကဲ့ပါ။
ဆရာမ ။ ။ သင်ခန်းစာတွေ တွက်ချက်နေတဲ့အချိန်မှာ စာကိုပဲ အာရုံစိုက်ထားရမယ်။
တပည့်များ ။ ။ ဟုတ်ကဲ့ပါ။
ဆရာမ ။ ။ သင်ခန်းစာတွေလုပ်တဲ့အခါ တစ်ဦးနဲ့တစ်ဦး စကားလုံးဝ မပြောရဘူး။
တပည့်များ ။ ။ ဟုတ်ကဲ့ပါ။

ဆရာမလည်း ကျောင်းသားများအား သင်ခန်းစာပေးပြီး အခန်းအပြင်ဘက်တွင် ထွက်ထိုင်နေရာ အတန်ကြာသော် တစ်ခန်းလုံးတိတ်ဆိတ်သွားလေသည်။ ထို့အချိန်၌ ကျောင်းသားတစ်ဦး အခန်းအပြင်ဘက်သို့ ထွက်လာရာ...

ဆရာမ ။ ။ ကျောင်းသားတွေ စာတွေတွက်ချက်နေရဲ့လား။
တပည့် ။ ။ တစ်ခန်းလုံးအိပ်ပျော်နေကြတာပါဆရာမ။
ဆရာမ ။ ။ ''ဟိုက်''

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

တောတောင်ထူထပ်သော ကိပ်ဗာဒီနိုင်ငံ

သတင်းအက်ဆေး

ကိပ်ဗာဒီနိုင်ငံသည် အတ္တလန္တိတ်သမုဒ္ဒရာဒေသတွင် တည်ရှိသည်။ မိုးခေါင်ရေရှားပြီး စိုက်ပျိုးမြေနည်းပါးကာ သဘာဝအရင်းအမြစ် ရှားပါးသည့် ဤနိုင်ငံမှာ စားနပ်ရိက္ခာတင်သွင်းမှုအပေါ် အဓိကမှီခိုအားထားနေရသည်။ တစ်ခါတစ်ရံတွင် ပြည်ပအကူအညီ အထောက်အပံ့ကို အားကိုးနေရသည်။ ပေါ်တူဂီလက်အောက်ခံဖြစ်ခဲ့သည့် ကိပ်ဗာဒီနိုင်ငံမှာ ကျွန်းကြီး ၁၀ကျွန်း၊ ကျွန်းငယ် ငါးကျွန်းဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံဖြစ်သည်။ ကျွန်းသုံးကျွန်းမှလွဲ၍ ကျန်ကျွန်းများမှာ တောတောင်ထူထပ်သည်။

စတင်

ကိပ်ဗာဒီနိုင်ငံသို့ ဥရောပတိုက်သားများ ၁၄၅၆ခုနှစ်တွင် ပထမဆုံးရောက်ရှိလာခဲ့သည်။ ၁၄၉၅ခုနှစ်တွင် ပေါ်တူဂီလက်အောက်ခံဖြစ်လာသည်။ ၁၉၅၆ခုနှစ်တွင် ကိပ်ဗာဒီဇာတိသား အမီကာကာဘရယ်သည် ဂီနီဘစ်ဆောတွင် ဂီနီနှင့်ကိပ်ဗာဒီ လွတ်လပ်ရေးအာဖရိကပါတီ(ပီအေအိုင်ဂျီစီ)ကို ပူးတွဲထူထောင်သည်။ ၁၉၆၀ပြည့်နှစ်တွင် ဂီနီဘစ်ဆော၌ ပေါ်တူဂီအုပ်ချုပ်ခြင်းကို ပီအေအိုင်ဂျီစီ ဦးဆောင်ပြီး လွတ်မြောက်ရေးစစ်ပွဲ စတင်သည်။ ကိပ်ဗာဒီနိုင်ငံသား အများအပြားပါဝင်သည်။

ကိပ်ဗာဒီနိုင်ငံသည် အတ္တလန္တိတ်သမုဒ္ဒရာဒေသတွင် တည်ရှိ၊ မိုးခေါင်ရေရှားပြီး စိုက်ပျိုးမြေနည်းပါးကာ သဘာဝအရင်းအမြစ် ရှားပါးသည့် ဤနိုင်ငံမှာ စားနပ်ရိက္ခာ တင်သွင်းမှုအပေါ် အဓိကမှီခိုအားထားနေရ၊ တစ်ခါတစ်ရံတွင် ပြည်ပအကူအညီ အထောက်အပံ့ကို အားကိုးနေရ။

၁၉၇၅ ခုနှစ်တွင် ကိပ်ဗာဒီနိုင်ငံ လွတ်လပ်ရေးရသည်။ ၁၉၈၁ခုနှစ်တွင် ပီအေအိုင်စီဗွီပါတီက ပီအေအိုင်ဂျီစီကို အစားထိုးနေရာယူလိုက်ပြီး ကိပ်ဗာဒီနိုင်ငံ၏ တစ်ခုတည်းသော ပါတီဖြစ်လာခဲ့သည်။

သမ္မတဖြစ်လာ

၁၉၉၁ ခုနှစ် ကိပ်ဗာဒီနိုင်ငံ၏ ပထမဆုံးသော လွတ်လပ်စွာကျင်းပသည့် ရွေးကောက်ပွဲတွင် အင်တိုနီယိုမတ်စကာရင်ဟာမွန်တေရို သမ္မတဖြစ်လာခဲ့သည်။ ၁၉၉၂ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်က ပါတီစုံစနစ်ကို ပြဋ္ဌာန်းသည်။ ၁၉၉၆ ခုနှစ်တွင် မတ်စကာရင်ဟာမွန်တေရို ထပ်မံရွေးချယ်ခံရပြီး သူ့ပါတီဖြစ်သော ဒီမိုကရေစီလှုပ်ရှားမှုပါတီကလည်း ပါလီမန်ရွေးကောက်ပွဲတွင် နေရာအများစုရရှိသည်။

ထပ်မံအနိုင်ယူ

၂၀၀၁ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ကိပ်ဗာဒီလွတ်လပ်ရေးပါတီမှ ပီထရိုပီရက်စ်က ဒီမိုကရေစီလှုပ်ရှားမှုပါတီမှ ကားလို့စ်ဗေဂါကို အနိုင်ရကာ သမ္မတဖြစ်လာခဲ့သည်။ ၂၀၀၆ခုနှစ် သမ္မတရွေးကောက်ပွဲတွင်လည်း ကာလို့စ်ဗေဂါကိုပင် ထပ်မံအနိုင်ယူလိုက်သည်။

၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် ကိပ်ဗာဒီနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို) အဖွဲ့ဝင်ဖြစ်လာသည်။

ဖြည့်ဆည်းပေး

၂၀ရာစုအတွင်းတွင် ဤနိုင်ငံ၌ ဆိုးဆိုးရွားရွားမိုးခေါင်မှုကြောင့် ပြည်သူ ၂၀၀၀၀၀ အသက်ဆုံးရှုံးခဲ့ရသည့်အပြင် တိုင်းတစ်ပါးသို့ ပြောင်းရွှေ့အခြေချမှုများလည်းရှိသည်။ ယခုအခါ မူလနိုင်ငံသားများမှာ ပြည်တွင်းမှာထက် ပြည်ပ၌သာ နေထိုင်သူကပိုများသည်။ ပြည်ပရောက်သူများက အိမ်သို့ငွေပြန်ပို့ခြင်းဖြင့် လိုအပ်သည့် နိုင်ငံခြားငွေကြေးကို ဖြည့်ဆည်းပေးသည်။

ကိပ်ဗာဒီနိုင်ငံသည် ဂီနီဘစ်ဆောနိုင်ငံသည် ပေါ်တူဂီလက်အောက်မှ လွတ်လပ်ရေးရပြီး နောက်တစ်နှစ်တွင်မှ လွတ်လပ်ရေးရရှိခြင်းဖြစ်သည်။ လွတ်လပ်ရေးရအပြီးတွင် နှစ်နိုင်ငံပေါင်းစည်းရန် စီစဉ်သေးသည်။ သို့သော် ၁၉၈၀ပြည့်နှစ်တွင် ဂီနီဘစ်ဆောနိုင်ငံ၌ အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး တင်းမာလာကာ ပေါင်းစည်းရေးအစီအစဉ်လည်း ပျက်သွားသည်။

ရွေးချယ်ခန့်အပ်

ဤနိုင်ငံသည် သမ္မတနိုင်ငံဖြစ်သည်။ သမ္မတသည် နိုင်ငံအကြီးအကဲဖြစ်ပြီး ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ အကြီးအကဲဖြစ်သည်။ သမ္မတကို ပြည်သူက တိုက်ရိုက်ရွေးချယ်ပြီး ဝန်ကြီးချုပ်ကိုမူ ပါလီမန်က ရွေးချယ် ခန့်အပ်ခဲ့သည်။ ။ ***ကိုးကား-အင်တာနက်***

တိုးရေးသားသည်

ယူရို ၂၀၀၈ဘောလုံးပြိုင်ပွဲအကြို အုပ်စု(က)မှ ပြိုင်ပွဲဝင်အသင်းများကို သုံးသပ်ခြင်း

သုံးသပ်ရေးသားသူ-မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့ စည်းမှု-ထိန်လင်း

ဘန်း မေ ၂၉

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲပြီးရင် ကမ္ဘာပေါ်မှာ အကြီးအကျယ်ဆုံး ဘောလုံးပြိုင်ပွဲတစ်ရပ်ဖြစ်တဲ့ ဥရောပဖလား ဘောလုံးပြိုင်ပွဲကို လာမယ့် ဇွန် ၇ ရက်ကနေပြီး ၂၉ရက်အထိ ဆွစ်ဇာလန်နိုင်ငံနဲ့ ဩစတြီးယားနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပတော့မှာ ဖြစ်ပါတယ်။

ယူရို၂၀၀၈ကို ဆွစ်ဇာလန်နဲ့ ဩစတြီးယားနိုင်ငံတွေမှာရှိတဲ့ မြို့ကြီးရှစ်မြို့မှာ ကျင်းပမှာဖြစ်ပြီး ဗိုလ်လုပွဲကိုတော့ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့မှာရှိတဲ့ Ernst Happel Stadium ဘောလုံးကွင်းမှာ ကျင်းပမှာ ဖြစ်ပါတယ်။ ဒီဘောလုံးကွင်းဟာ ပရိသတ် ၅၃၀၀၈ဦး ဝင်ရောက်ကြည့်ရှုနိုင်တဲ့ ကွင်းဖြစ်တာမို့ ယူရို ၂၀၀၈ ကျင်းပမယ့် ဘောလုံးကွင်း ရှစ်ကွင်းထဲမှာတော့ ပရိသတ်အများဆုံး ကြည့်ရှုနိုင်တဲ့ကွင်းလည်း ဖြစ်ပါတယ်။

ယူရို၂၀၀၈ဘောလုံးပြိုင်ပွဲမှာ အသင်း ၁၆သင်းပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်ပြီး အုပ်စုလေးခု ခွဲထားပါတယ်။ အုပ်စု(က)မှာ ဆွစ်ဇာလန်၊ ချက်၊ ပေါ်တူဂီနဲ့ တူရကီ၊ အုပ်စု(ခ)မှာ ဩစတြီးယား၊ ခရိုအေးရှား၊ ဂျာမနီနဲ့ ပိုလန်၊ အုပ်စု(ဂ)မှာ နယ်သာလန်၊ အီတလီ၊ ရိုမေးနီးယားနဲ့ ပြင်သစ်၊ အုပ်စု(ဃ)မှာ ဂရိ၊ ဆွီဒင်၊ စပိန်နဲ့ ရုရှားအသင်းတို့ ပါဝင်နေကြတာမို့ မရဏအုပ်စုလို့ သတ်မှတ်ရမှာကတော့ အုပ်စု(ဂ)နဲ့ အုပ်စု(ဃ)တို့ပဲ ဖြစ်ပါတယ်။

ယူရို ၂၀၀၈ပြိုင်ပွဲဝင်ကြမယ့် ဘောလုံးအသင်းတွေရဲ့ အုပ်စုလိုက် အနေအထားကို အုပ်စုတစ်ခုချင်းအလိုက် သုံးသပ်ကြည့်ရင်တော့ ဒီလိုတွေ့ရမှာ ဖြစ်ပါတယ်။ အုပ်စု(က)မှာပါဝင်တဲ့ ဆွစ်ဇာလန်၊ ချက်၊ ပေါ်တူဂီနဲ့ တူရကီတို့ရဲ့ ရပ်တည်မှုအခြေအနေကို ကြည့်လိုက်တဲ့အခါ…

ဆွစ်ဇာလန်အသင်း

ဆွစ်ဇာလန်အသင်းဟာ အိမ်ရှင်ဖြစ်တာမို့ ခြေစစ်ပွဲမဝင်ခဲ့ရဘဲ နောက်ဆုံး ၁၆ သင်း အဆင့်မှာ တိုက်ရိုက်ဝင်ကစားခွင့် ရရှိခဲ့တဲ့အသင်း ဖြစ်ပါတယ်။ ဆွစ်ဇာလန်အသင်းဟာ ယူရိုဘောလုံးသမိုင်း စာမျက်နှာမှာတော့ ထူးခြားပြောင်မြောက်တဲ့ မှတ်တမ်းရေးထိုးထားနိုင်တဲ့ အသင်းတော့ မဟုတ်ပါဘူး။

အနိုင်ရရှိထား

ဆွစ်ဇာလန်အသင်းဟာ ယူရို ၂၀၀၈ အိမ်ရှင်ဆိုတဲ့ အားသာချက်ရှိတာ တစ်ခုတည်းပဲရှိနေပြီး ပြင်ဆင်မှုတွေ အရှိန်အဟုန်နဲ့လုပ်နေပေမယ့် ခြေစွမ်းက အားရစရာတော့ မကောင်းပါဘူး။ ဆွစ်ဇာလန်နည်းပြ ကိုဘီဟာအသင်းကို

ယူရို ၂၀၀၈ ပြိုင်ပွဲဝင်မည့် ချက်ဘောလုံးအသင်း။



ခြေစွမ်းမြင့်တဲ့ပြိုင်ဘက်တွေနဲ့ ခြေစမ်းပွဲတွေ ကစားခဲ့ပေမယ့် ဂျာမနီကို လေးဂိုးပြတ်နဲ့ အရှုံးကြီးရှုံးပြီး အင်္ဂလန်အသင်းနဲ့ ခြေစမ်းပွဲကစားတဲ့အခါမှာလည်း နှစ်ဂိုး- တစ်ဂိုးနဲ့ ရှုံးခဲ့ပါတယ်။ မိမိကွင်းမှာ နိုင်ဂျီးရီးယားနဲ့ ခြေစမ်းပွဲကစားတဲ့အခါမှာလည်း တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့တာကြောင့် ခြေစမ်းပွဲ စုစုပေါင်း၁၀ပွဲကစားခဲ့တဲ့အချိန်မှာ သုံးပွဲပဲ အနိုင်ရရှိထားတာ တွေ့ရပါတယ်။

ဒါ့အပြင် ဆွစ်ဇာလန်အသင်း တိုက်စစ်မှူးတွေဖြစ်တဲ့ ဒေးဗစ်၊ ဖရီနဲ့ကိုဗိုတို့ကလည်း ပြိုင်ဘက်ကောင်းတွေနဲ့တွေ့ရင် ဂိုးသွင်းခြေစွမ်း ပျောက်နေတတ်တာကြောင့် တကယ်တမ်း အားကိုးအားထားစရာကောင်းတဲ့ ခြေစွမ်းမျိုးတော့မဟုတ်ပါဘူး။ ဒါကြောင့် အိမ်ရှင်ဆွစ်ဇာလန်တို့ အုပ်စုက တက်ဖို့တောင် ခက်ခက်ပါပဲ။

ချက်အသင်း

ချက်အသင်းဟာ အုပ်စု(က)မှာတော့ ခြေစွာတဲ့ အသင်း ဖြစ်ပါတယ်။ ယူရို ၂၀၀၈ခြေစစ်ပွဲအဖြစ် အုပ်စု

ချက်အသင်း၏ ခြေစွမ်းပြ ဂိုးသွင်းမည့် တိုက်စစ်မှူး ဂျန်ခိုလာ။

(ဃ)မှာ ပါဝင်ခဲ့ပြီး ၁၂ပွဲကစား၊ ကိုးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ၂၉မှတ်ရပြီး အုပ်စု(ဃ)မှာ အုပ်စုပထမ အဖြစ်နဲ့ နောက်ဆုံး၁၆သင်းအဆင့်ကို တက်လှမ်းလာတာ ဖြစ်ပါတယ်။

ဒါပေမယ့် ချက်အသင်းဟာ နောက်ဆုံး ခြေစမ်းပွဲ သုံးပွဲကစားခဲ့တဲ့ အနေအထားကိုကြည့်ရင် ဒိန်းမတ်နဲ့ တစ်ဂိုးစီသရေ၊ ပိုလန်ကိုနှစ်ဂိုး-တစ်ဂိုးနဲ့ရှုံးပြီး ဂရိအသင်းကိုလည်း တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့ပါတယ်။ ဒါပေမယ့် ချက်အသင်းမှာ ဂျန်ခိုလာတို့အုပ်စုက အတွေ့အကြုံနဲ့သမ္ဘာရှိတဲ့သူတွေမို့ အဆုံးသတ်ဂိုးသွင်းယူမှုမှာတော့ သေချာသူတွေပါပဲ။ ချက်အသင်း တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်ဟာ အကောင်းချည်းတော့ မဟုတ်ပေမယ့် ယူရို၂၀၀၈ ခြေစစ်ပွဲ

ပေါ်တူဂီအသင်း အောင်မြင်မှုရရန် ဒိုလေး ဂိုးတွေ သွင်းပေးမှာလား။

၁၂ပွဲကစားခဲ့တဲ့အခါ သွင်းဂိုး ၂၇ဂိုးရှိခဲ့ပြီး ပေးဂိုးက ငါးဂိုး ရှိခဲ့တာမို့ ချက်အသင်းရဲ့ ခံစစ်ကြောင်းက သိပ်သည်းကျစ်လျစ်မှု ရှိကြောင်း ပြသနေပါတယ်။ ဒါကြောင့် အုပ်စု(က)မှာ ချက်အသင်းလည်း အုပ်စုအဆင့်ကို ကျော်လွှားနိုင်မယ့်အသင်းဖြစ်မယ်လို့ ယူဆပါတယ်။

ပေါ်တူဂီအသင်း

အုပ်စု(က)မှာတော့ ပေါ်တူဂီအသင်းလည်း အုပ်စုက တက်နိုင်တဲ့ အသင်းအဖြစ် ရေပန်းစားနေပါတယ်။ ပေါ်တူဂီ အသင်းဟာ ယူရို ၂၀၀၈ခြေစစ်ပွဲကစားခဲ့စဉ်က အုပ်စု(က)မှာ ပါဝင်ခဲ့ပြီး ၁၄ ပွဲကစား၊ ခုနစ်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်တွေနဲ့ အုပ်စုဒုတိယနေရာကနေပြီး ခြေစစ်ပွဲအောင်ခဲ့တာ ဖြစ်ပါတယ်။ ခြေစစ်ပွဲတွေမှာ တိုက်စစ်မှူးတွေရဲ့ သွင်းဂိုးက ၂၄ ဂိုးရှိခဲ့ပြီး ပေးဂိုး ၁၀ ဂိုးရှိခဲ့တာမို့ ပေါ်တူဂီရဲ့ ခံစစ်ကြောင်းကတော့ အားရစရာ မကောင်းပါဘူး။

ခြေစွမ်းပြ

ပေါ်တူဂီအသင်း ကွင်းလယ်မှာ နာနီနဲ့ စီရိုနယ်ဒိုတို့ ပါဝင်ကစားမှာ ဖြစ်သလို တိုက်စစ်အပိုင်းမှာတော့ ထူးထူးခြားခြား ခြေစွမ်းပြနိုင်တဲ့ တိုက်စစ်မှူးတွေကတော့ ကွာရက်စ်မာ၊ နူနိုဂိုမက်စ်၊ ဆာဂရိုဆာနဲ့ အယ်လ်မေဒါတို့တော့ ရှိနေပါတယ်။ ဒါပေမယ့် သူတို့တွေ ဒီထက်ဂိုးသွင်းစွမ်းရည်ထက်မြက်ဖို့ လိုနေတာတော့ အမှန်ပါပဲ။

နောက်တန်းမှာ မွန်တီယာရို၊ ပရဲရား၊ ကာဗယ်ဟို၊ မီယာရာနှင့် အဲလ်ဗက်တို့ကလည်း အတွေ့အကြုံရှိတဲ့သူတွေ ဖြစ်တဲ့အပြင် အချင်းချင်းနားလည်မှုပိုရှိရင်တော့ ပေါ်တူဂီလည်း ပြိုင်ဘက်တွေရှိန်လောက်တဲ့ အသင်းအဖြစ် ရပ်တည်နိုင်မှာပါ။ လက်ရှိ အနေအထားမှာတော့ ပေါ်တူဂီအသင်း ခြေမှန်နေတာမို့ အုပ်စုအဆင့်က တက်ရောက်နိုင်တဲ့အသင်း ဖြစ်ပါတယ်။

တူရကီအသင်း

ယူရို ၂၀၀၈ခြေစစ်ပွဲကို အုပ်စု(ဂ)မှာ ဒုတိယနေရာက ခြေစစ်ပွဲအောင်လာတဲ့ တူရကီအသင်းကတော့ ကျန်တဲ့ ချက်၊ ပေါ်တူဂီနဲ့ဆွစ်ဇာလန်အသင်းတွေကို ကောင်းကောင်း ဒုက္ခပေးမယ့်အသင်းပါပဲ။ တူရကီအသင်းဟာ ခြေစစ်ပွဲတွေ ကစားခဲ့စဉ်က ၁၂ပွဲကစား၊ခုနစ်ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်တွေနဲ့ ရမှတ် ၂၄မှတ်ရပြီး ခြေစစ်ပွဲအောင်မြင်ခဲ့တာ ဖြစ်ပါတယ်။ တူရကီအသင်းဟာ အုပ်စု(က)မှာ နောက်တစ်ဆင့်တက်ဖို့ ပေါ်တူဂီနဲ့ ချက်အသင်းတွေလို မာကျောတဲ့အသင်းတွေနဲ့ ကစားရမှာဖြစ်လို့ သိပ်တော့မလွယ်ပါဘူး။ နောက်ပြီး တူရကီအသင်းရဲ့ အဓိက အားနည်းချက်က ခံစစ်ကြောင်းပါပဲ။ အမှားများတဲ့ တူရကီခံစစ်ကြောင်းကို မပြင်ဆင်ခဲ့ရင်တော့ တူရကီတို့ အုပ်စုအဆင့်က လှည့်ပြန်သွားရမယ့်ကိန်းဆိုက်သွားနိုင်ပါတယ်။ ဒါပေမယ့် ဆွစ်ဇာလန်၊ ချက်နဲ့ ပေါ်တူဂီတို့လည်း တစ်သင်းနဲ့တစ်သင်း ခြေသိပ်မကွာတာကြောင့် အုပ်စု(က) အသင်းတွေဟာ အုပ်စုအဆင့်က နောက်တစ်ဆင့်တက်အောင် အကြိတ်အနယ် ကြိုးစားကြရမှာ ဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

ပေါ်တူဂီအသင်း အောင်မြင်မှုရရန် ကြိုးစားသွားမည်ဟု နာနီပြောကြား

ဘန်း မေ ၂၉

ယူရို ၂၀၀၈ပြိုင်ပွဲဝင် ပေါ်တူဂီအသင်းမှ ကွင်းလယ်ကစားသမား နာနီက ပေါ်တူဂီနည်းပြ စကိုလာရီအနေဖြင့် မိမိအား ပေါ်တူဂီအသင်း၌ ပါဝင်ကစားရန် ရွေးချယ်ခဲ့ခြင်းအပေါ် အံ့အားသင့်ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရကြောင်း ပြောကြားသည်။ မိမိသည် ပေါ်တူဂီ လက်ရွေးစင်အသင်းနှင့်အတူ ယူရို ၂၀၀၈ပြိုင်ပွဲ ဆင်နွှဲရမည့် အခွင့်အရေးကို မျှော်လင့်ခဲ့ကြောင်း၊ ယခု ပါဝင်ခွင့်ရသဖြင့် အစွမ်းကုန်ကြိုးစားကစား သွားမည်ဖြစ်ကြောင်း၊ မိမိတို့အသင်း အောင်မြင်မှုရရှိမည်ဟု ယုံကြည်ကြောင်း နာနီက ပြောကြားသည်။ **(အင်တာနက်)**

ဂျာမနီအသင်း တိုက်စစ်မှူးများ ယူရို၂၀၀၈၌ ဂိုးအများဆုံးသွင်းမည်

ဘာလင် မေ ၂၉

ယူရို ၂၀၀၈ဘောလုံးပြိုင်ပွဲဝင် ဂျာမနီအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက် **(အောက်ပုံ)**က ဂျာမနီအသင်း တိုက်စစ်မှူးများဖြစ်သည့် ကလိုဆေးနှင့်ပိုဒေါစကီးတို့သည် ယူရို ၂၀၀၈၌ ဂိုးအများဆုံး သွင်းယူနိုင်သည့် တိုက်စစ်မှူးများ ဖြစ်လိမ့်မည်ဟု မေ၂၉ရက်က ပြောကြားသည်။

ဂျာမနီအသင်းတိုက်စစ်မှူးများသည် ယူရို၂၀၀၈ခြေစစ်ပွဲများ၌ ၃၅ ဂိုးအထိ သွင်းယူနိုင်ခဲ့ကြသဖြင့် မိုက်ကယ်ဘောလက်က ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ ဂျာမနီတိုက်စစ်မှူး ကလိုဆေးကလည်း မိမိသည် ပွဲတိုင်းနီးပါး ဂိုးသွင်းနိုင်အောင် ကြိုးစားသွားမည်ဟု ပြောကြားသည်။ **(အင်တာနက်)**

ချက်အသင်းအောင်မြင်မှုရမည်ဟု တိုက်စစ်မှူးမီလန်ဘားရို့စ်ပြောကြား

ပါရာဂွေး မေ ၂၉

ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲ၌ မိမိတို့ချက်အသင်း အောင်မြင်မှု ရရှိလိမ့်မည်ဖြစ်ကြောင်း ချက်တိုက်စစ်မှူး မီလန်ဘားရို့စ်က မေ၂၉ရက်၌ ပြောကြားလိုက်သည်။

ယူရို ၂၀၀၈ပြိုင်ပွဲဝင် ချက်အသင်းမှာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်သည့်ခြေစွမ်းနှင့် စိတ်ဓာတ်များ ပိုင်ဆိုင်ထားကြောင်း၊ မိမိတို့ အသင်းသားများ စည်းလုံးမှုရှိနေပြီး ပြိုင်ပွဲဝင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း မီလန်ဘားရို့စ်က ပြောကြားသည်။ **(အင်တာနက်)**

ပြင်သစ်ကစားသမားစာရင်း၌ ဆစ်စီနှင့်ဖလာမီနီတို့ ချန်လှပ်ခံရ

ပါရီ မေ ၂၉

ယူရို ၂၀၀၈ဘောလုံးပြိုင်ပွဲ ပြင်သစ်အသင်း၏ နောက်ဆုံး ဆန်ခါတင် လူစာရင်း၌ တိုက်စစ်မှူးဆစ်စီနှင့် အေစီမီလန်ကွင်းလယ် ကစားသမား မက်သရူးဖလာမီနီတို့ကို ချန်လှပ်ထားခဲ့သဖြင့် မာဆေးတိုက်စစ်မှူး ဆစ်စီ မကျေမနပ် ဖြစ်လျက်ရှိသည်။

လီဗာပူးကစားသမားဟောင်း ဆစ်စီ(**အောက်ပုံ**)နှင့် အာဆင်နယ်ကစားသမားဟောင်းဖလာမီနီတို့သည် ပြင်သစ်အသင်း၏ ပဏာမကစားသမားစာရင်းတွင် ပါရှိခဲ့သော်လည်း အပြီးသတ်၂၃ဦးစာရင်း၌ နည်းပြရေမွန်ဒိုမီနစ်က ကြေညာခဲ့ခြင်းမှမပြည့်ဟုဆိုခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)



နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့ ၏ ISO 9001:2000 အရည်အသွေးစီမံခန့်ခွဲမှုလက်မှတ်ရ
(ဆေးမှုန့်)

ဆုထူးပန်အဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၉

ဆုထူးပန်အဘိဓမ္မာသင်တန်းကို အမှတ် ၃၆ ငါးထပ်ကြီးဘုရားလမ်း ဗဟန်းမြို့နယ်ရှိ ဗြဟ္မဝိဟာရ ဓမ္မာရုံကြီးတွင် ဇွန်၇ရက် (စနေနေ့)နံနက်ရနာရီ အချိန်မှ စတင်၍ဖွင့်လှစ်မည်ဖြစ်ရာ သဒ္ဓမ္မ ဇောတိကဓဇ ဆုထူးပန်ဆရာဟန်ကိုယ်တိုင် အဆိုပါသင်တန်းကို ဦးစီးပို့ချသင်ကြားမည်ဖြစ်ပြီး သင်တန်းကို နံနက် ရနာရီမှ မွန်းတည့်၁၂နာရီအထိ (စနေနှင့်တနင်္ဂနွေ)နေ့တိုင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

အဆိုပါ ဆုထူးပန်အဘိဓမ္မာသင်တန်းသို့ မည်သူမဆို အခမဲ့စာရင်းပေးသွင်းပြီး တက်ရောက် သင်ကြားနိုင်ကြောင်း သိရသည်။ (က-ပ)

MYANMAR IVANHOE COPPER COMPANY LIMITED (TENDER NOTICE)

TENDER NO. (IFB No. CCS-03-08)
Sale of an estimated (4,000 metric tones) of copper cathode from MICCL S&K Mine site in Monywa, Myanmar. Interested buyer may quote for the whole 4,000 metric tonnes or for a minimum quantity of 1,000 metric tonnes.

CLOSING DATE & TIME: 12th June 2008 at 12:00 noon

Tender documents are available at the following address or can be accessed at www.miccl.com.mm. Any queries can be done between 10 am and 4pm at MICCL Yangon office before the tender closing date.

Myanmar Ivanhoe Copper Company Limited
70 (I) Bo Chein Street, Pyay Road, Hlaing Township
Yangon, Myanmar (Tel: (95) 1-514194 to 7/ Fax: (95) 1 514208/ Email: miccl@miccl.com.mm)

တိပိဋကရေစာအောင် သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၉

တိပိဋကဓမ္မရက္ခိတအဖွဲ့၏ ပစ္စည်းလေးပါး ပူဇော်မှုကိုခံယူ၍ နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသည့် အကြိမ်(၆၀)မြောက် တိပိဋကရေ တိပိဋက ကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် ဖြေဆို အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ် ၅၁ပါးတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို (၁၃၇၀ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၃ရက်) ဇွန် ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် အဖွဲ့တည်ရာ အမှတ်၁၅ ကြားတောရလမ်း (ရွှေတိဂုံဘုရားအရှေ့ဘက်) ဗဟန်းမြို့နယ်ရှိ တိပိဋကဓမ္မရက္ခိတ ဗိမာန်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်၊ တိပိဋက ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်၊ တိပိဋကဓရ၊ တိပိဋက ကောဝိဒ ဆရာတော် ခုနစ်ပါးနှင့် စာအောင် အရှင်မြတ် ၅၁ပါးတို့အား ချီးကျူးဂုဏ်ပြု ပူဇော်မည်ဖြစ်ရာ ကြွရောက်ကြည်ညိုပူဇော်ကြပါရန်နှင့် လှူဒါန်းလိုပါက တိပိဋကဓမ္မရက္ခိတအဖွဲ့ရုံး(ဗိမာန်တော်) အမှတ် ၁၅ ကြားတောရလမ်း ဗဟန်းမြို့နယ် ဖုန်း-၃၈၂၁၁၁၊၂၄၈၂၂၄၊ ဥက္ကဋ္ဌ ဦးစိန်တင့် ဖုန်း-၂၉၂၅၃၀၊ အကျိုးတော်ဆောင် အတွင်းရေးမှူး ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀-၂၃၃၀၇၊ဘဏ္ဍာရေးမှူး ဒေါ်ခင်စန်း ဖုန်း-၀၉-၅၁-၂၂၀၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မိုးဦးကာလသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေယာဉ်များလုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက်

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံရှိ မြစ်များ၏ရေနည်းရာသီကာလ မကြာမီကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရောက်ရှိတော့မည်ဖြစ်၍ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများမြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါ်ကဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

ဂရုစိုက်မောင်းနှင်

မြစ်ရေတက်လာမှုပေါ်မူတည်၍ ဦးစီးဌာနအနေဖြင့် ရေယာဉ်များအန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ရေဒဏ်၊ လေဒဏ်၊ မိုးဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုစိုက်မောင်းနှင်ကြရမည်ဖြစ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများ ဖြစ်ပေါ်လေ့ရှိရာ ရေအနက် မလုံလောက်သည့် ရေမြှုပ်ပေါ်ကဖြတ်လမ်းများကို အသုံးပြုခုတ်မောင်းခြင်းမပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ် စက်အားနှင့် ရေစီးအားကို ချင့်ချိန်ဂရုပြုမောင်းနှင်ကြရန် လိုအပ်သည်။

အမှတ်အသား

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အဝင်လမ်းကြောင်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့်အပေါက်၌ အစိမ်းရောင် တြိဂံအမှတ်အသားပြသထားပြီး ရေယာဉ်များ မဝင်ရမည့်အပေါက်၌ အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသထားသည်။ ရေမြုပ်နေသည့် ရေလယ်တိုင်အုတ်ခုံများကို အနီရောင်မြားဖြင့် တံတားပေါင်ပေါ်မှ ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေမည်ဖြစ်ပြီး ရေစီးသန်မည် ဖြစ်သဖြင့် ရေယာဉ်များ မြစ်ကူးတံတားကြီးများသို့ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့် တက်မထိန်းစနစ်များကို ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန်နှင့် တံတားအဝင် ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်သည်။ အထူးသဖြင့် နှစ်စင်းတွဲ တွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင်ဝန်အား၊ စက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုးမပြုလုပ်ရန်နှင့် မြစ်ကူးတံတားကြီးများ ဖြတ်သန်းရာတွင် တွဲနှစ်တွဲဖြင့် ဖြတ်သန်းခြင်းမပြုလုပ်ဘဲ တစ်တွဲချင်းသာ ဖြတ်သန်းကြရန် လိုအပ်သည်။

လိုက်နာဆောင်ရွက်

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်ခြည်းလေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများဖြစ်ပေါ်သည့်အခါ မြစ်အတွင်း ခုတ်မောင်းနေသော ရေယာဉ်များအနေဖြင့် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အထူးဂရုပြု မောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း နိုင်ငံတကာ သဘာဝဘေးအန္တရာယ် ဖောင်ပိတ်သတင်း

တရုတ်၌ အင်အားလျော့သည့်ငလျင်များထပ်မံလှုပ် ငလျင်လှုပ်သည့်အကြိမ်ပေါင်း ၂၁၉ ကြိမ်ရှိခဲ့

ပေကျင်း မေ ၂၉

တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၌ မေ ၁၂ ရက်က အင်အားပြင်းငလျင်လှုပ်ခဲ့ပြီးနောက် မေ၂၈ရက် မွန်းတည့်မှ မေ၂၉ရက် မွန်းတည့်အတွင်းအင်အားပြင်းထန်မှု မရှိသည့် ငလျင်ပေါင်း ၂၁၉ ကြိမ် ထပ်မံလှုပ်ခဲ့ကြောင်း တရုတ်နိုင်ငံ ငလျင်ဗျူရိုမှ မေ၂၉ရက်က သတင်း ထုတ်ပြန်သည်။

ဖော်ပြ

ထိုသို့ အကြိမ်ပေါင်းများစွာ လှုပ်ခဲ့သော ငလျင်များ၏ ပြင်းအားမှာ ရစ်ချ်တာစကေး ၃ ဒသမ ၉နှင့် ရစ်ချ်တာ စကေး ၄ အတွင်းရှိ ငလျင်ငယ်များသာ ဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးမှု မရှိကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။

ကယ်ဆယ်ရေး

မေ ၁၂ ရက်က လှုပ်ခဲ့သော အင်အားပြင်းငလျင်ကြောင့်သေဆုံးသူ ဦးရေမှာ မေ၂၉ရက်အထိ ၆၀၀၀၀ ကျော် ရှိနေကြောင်း၊ ပျောက်ဆုံးသူ ဦးရေမှာ ၁၉၃၅၀ ရှိနေဆဲဖြစ် ကြောင်း၊ တရုတ်အစိုးရက အဆိုပါ ဒေသသို့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သားနှင့် အကူအညီပေးရေးရဲတပ်ဖွဲ့ဝင် ၁၃၃၀၀၀ကျော်တို့ လုပ်ငန်းများ အားဖြည့်ဆောင်ရွက်နိုင်ရန် စေလွှတ်ထားကြောင်း သိရသည်။ တရုတ်အစိုးရက နိုင်ငံတကာမှ အကူအညီများကိုရယူကာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်ပေးလျက် ရှိသည်။ **(အပေါ်ပုံ)**

နီကာရာဂွါနိုင်ငံသို့ အယ်မာအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မည်

မင်နာဂွာ မေ ၂၉

နီကာရာဂွါနိုင်ငံအနောက်တောင်ပိုင်းကမ်းရိုးတန်း ဒေသများသို့ အယ်မာအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း တစ်ခုလာမည့်၂၄နာရီအတွင်း ဝင်ရောက်တိုက် ခတ်နိုင်ကြောင်း အမေရိကန်အမျိုးသား ဟာရီကိန်းဌာနက မေ ၂၉ရက်၌ သတိပေးချက် သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါ မုန်တိုင်းသည် တစ်နာရီလျှင် ၆၅မိုင် နှုန်းဖြင့်တိုက်ခတ်လျက်ရှိပြီးကုန်းတွင်းပိုင်းကို ဖြတ်သန်း ချိန်တွင် တစ်နာရီမိုင် ၁၀၀ကျော်နှုန်းဖြင့်တိုက်ခတ်နိုင် မည်ဟု ခန့်မှန်းထားရာ နီကာရာဂွါနှင့် ဟွန်ဒူးရပ်နိုင်ငံ များ၌ မုန်တိုင်းသတိပေးချက်များ အရေးပေါ်ထုတ်ပြန် ထားပြီး အဝေးပြေးလမ်းများပိတ်ထားရန်ကြိုတင်သတိ ပေးထားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အိုင်စလန်၌ ၆ ဒသမ ၇ ရှိ အင်အားပြင်းငလျင်လှုပ်

ဝါရှင်တန် မေ ၂၉

အိုင်စလန်နိုင်ငံတောင်ပိုင်း ရေဂျာဗစ်ခ်မြို့ အရှေ့တောင်ဘက်မိုင် ၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြု၍ မေ ၂၉ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၄၆ မိနစ်က ရစ်ချ်တာစကေး ၆ ဒသမ ၇ ရှိ အင်အားပြင်းငလျင် လှုပ်သွားကြောင်း အမေရိကန်နိုင်ငံ ငလျင်ဗျူရိုက သတင်းထုတ်ပြန်သည်။

အဆိုပါ အင်အားပြင်းငလျင်လှုပ်မှုကြောင့် ရေဂျာဗစ်ခ်မြို့ရှိ အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားပြီး ပျက်စီးမှုများရှိခဲ့ကြောင်း၊ မြို့သူမြို့သားများ လမ်းမများပေါ် ပြေးထွက်ခဲ့ကြကြောင်း၊ လောလောဆယ် သေဆုံး ပျက်စီးမှုသတင်းမရသေးကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

သီပေါမြို့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာဆရာမများ ဘာသာရပ်ဆိုင်ရာ ဆင့်ပွားသင်တန်းဆင်း

သီပေါ မေ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပညာရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော နွေရာသီဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာ ဆရာမများ ဘာသာရပ်ဆိုင်ရာဆင့်ပွားသင်တန်းဆင်းပွဲကို ဧပြီ ၃၀ရက် နံနက် ၉ နာရီက ရေပေါက်ကျောင်းတိုက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်ကြီးရေပေါက်ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝါသဝအရှင်သူမြတ် (ဝဲပုံ)က သြဝါဒကထာ မြွက်ကြားတော်မူပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် မြို့နယ်ပညာရေးမှူး ဦးသန်းဆွေတို့က သင်တန်းဆင်းအမှာစကားပြောကြားကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ် မင်းပြားမြို့ ဂတ်တန်းလမ်း တက္ကသီလ သာသနာ့အလင်းရောင်ကျောင်းတိုက် မြို့မမြောက်ကျောင်း ပရိဝုဏ်အတွင်း၌ ဆောက်လုပ်သော အကြိုတော်ပြည့် ဗုဒ္ဓသိမ်ကျောင်းတော်အတွက် မင်းပြားမြို့နယ် သမင်ခြေရာကျေးရွာနေ ဦးမောင်နုစိန်-ဒေါ်မခင်စိန်တို့က ဦးဆောင်ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဟိတရေ ဘဒ္ဒန္တဃောသိတာရမ္ဘထံ အလှူငွေကျပ်တစ်သိန်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ငှက်ဖျားရောဂါတိုက်ဖျက်ရေးအခမ်းအနား ပြည်၌ ကျင်းပ

ပြည် မေ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့နှင့် အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေးရက်သတ္တပတ်အခမ်းအနားကို မေ ၉ရက် နံနက် ၈နာရီက ပြည်မြို့ တိုင်းကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဗိုလ်မှူးချုပ်စိန်မြင့်၊တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးကော်မတီဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ အထူးကု ဆရာဝန်ကြီးများ၊ သူနာပြုသားဖွားသင်တန်းကျောင်းမှသင်တန်းသူများနှင့်ရပ်ကွက်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၈ခုနှစ် ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့နှင့် အမျိုးသားငှက်ဖျားရောဂါ တိုက်ဖျက်ရေးရက်သတ္တပတ်သဝဏ်လွှာကိုတိုင်းခွဲကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းဝင်းက ဖတ်ကြားတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက ကျန်းမာရေးဦးစီးဌာနမှ ပြသထားသော ငှက်ဖျားရောဂါတိုက်ဖျက်ရေးပြခန်းကို လှည့်လည်ကြည့်ရှုကြကြောင်းသိရသည်။ (ဝ၅၇)

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဧပြီ ၂၂ရက်က ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်ပြီးစီးခဲ့သော ဆေးရုံသွားလမ်း ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဆန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကောင်းမြတ်ထွေးတို့က ရှင်းလင်းတင်ပြစဉ်။ (က-ပ)

ပြင်ဦးလွင်မြို့ ပရဟိတမျက်မမြင်ပညာသင်ကျောင်း ဓမ္မာရုံနှစ်ထပ်ကျောင်းတော်ကြီး ပြန်လည်တည်ဆောက် အလှူငွေများ ပါဝင်လှူဒါန်းနိုင်

ပြင်ဦးလွင် မေ ၂၀

မျက်မမြင်ဆရာတော် ဒေါ်ယျကိုယ်တိုင် ဦးစီးတည်ထောင်ထားသော ပြင်ဦးလွင်မြို့ ပရဟိတ မျက်မမြင်ပညာသင်ကျောင်းတွင် ငွေကျပ်သိန်း ၂၀၀၀ခန့်ကုန်ကျမည့် ဓမ္မာရုံနှစ်ထပ်ကျောင်းတော်ကြီး ပြန်လည်တည်ဆောက်လျက်ရှိသည်။

မျက်မမြင်ကျောင်းတွင် လူမျိုးမရွေး၊ဘာသာမရွေး မျက်မမြင် ကလေးများအတွက် ပညာသင်ကြားပေးလျက်ရှိသည်။ သူငယ်တန်းမှတက္ကသိုလ်အထိ သင်ကြားနေသူများနှင့် ဇာထိုး၊ပန်းထိုး၊ သိုးမွေး၊ ဝါး၊ ကြိမ်ထိုးလက်မှုပညာများ၊ ဗေဒင်၊ ဂီတအနုပညာ၊တိုင်းရင်းဆေးစသည့်ပညာရပ်များကို မျက်မမြင်ဆရာ ၁၀ဦး၊ မျက်စိမြင်ဆရာရှစ်ဦးတို့ဖြင့် အခမဲ့သင်ကြားပေးလျက်ရှိရာ မျက်မမြင် ကျောင်းသား ကျောင်းသူ ၈၀ကျော်အထိ ရှိနေပြီဖြစ်သည်။

လှူဒါန်းနိုင်

မျက်မမြင်ကျောင်းသားကျောင်းသူများ ပညာသင်ကြားရေး ပိုမိုအဆင်ပြေစေရန်အတွက် နှစ်ထပ်ဓမ္မာရုံကြီး တည်ဆောက်လျက်ရှိရာ ပါဝင်လှူဒါန်းလိုသူ စေတနာရှင်များ လှူဒါန်းနိုင်ရန် ယင်းပရဟိတ မျက်မမြင်ကျောင်းမှ တိုက်တွန်း နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မိုးညှင်းမြို့နယ် စာကြည့်တိုက်များသို့ မဂ္ဂဇင်းများလှူဒါန်း

မိုးညှင်း မေ ၁၂

မိုးညှင်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များသို့ မဂ္ဂဇင်း၊ ဂျာနယ်နှင့်စာစောင်များတစ်နှစ်စာအတွက်ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေ ၅ရက်က မိုးညှင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းဒီဂရီကောလိပ်ကျောင်းအုပ်ကြီးဦးသန်းညွှန့်က ရွာသစ်ကုန်းကျေးရွာစာကြည့်တိုက်သို့ ငွေကျပ် ၉၆၀၀၀တန်ဖိုးရှိနိုင်ငံတကာသတင်းဂျာနယ်တစ်နှစ်စာကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိန်ဝင်းက ငွေကျပ် ၄၈၀၀၀တန်ဖိုးရှိ လစဉ်ထုတ်မဂ္ဂဇင်းစာအုပ် တစ်နှစ်စာကို လည်းကောင်း၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ဇော်ဝင်းက ငွေကျပ်၇၂၀၀တန်ဖိုးရှိ သာထွန်းပြန့်ဓမ္မစာစောင်လစဉ်နှစ်အုပ်ကိုလည်းကောင်း၊ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က ငွေကျပ် ၄၀၀၀၀တန်ဖိုးရှိ မိုးညှင်းမဂ္ဂဇင်းစာအုပ် ၂၀ကိုလည်းကောင်း လှူဒါန်းကြရာ မိုးညှင်းခရိုင်ဦးစီးအရာရှိ ဦးမာန်ငိုင်းက လက်ခံယူကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ရေမြောင်းတူးဖော်

ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးပတ်လည်ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဇော်လင်းအောင်ကြီးကြပ်၍ ရေနုတ်မြောင်းတူးဖော်မှုကို မေ ၁၉ရက်က အမှုဆောင်အရာရှိဦးတင်ဋ္ဌေး ကွင်းဆင်းစစ်ဆေးစဉ်။ (ဝ၅၃)

ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုနှင့်အဖွဲ့ ဧပြီ ၁၉ ရက်က မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရေပေးရေးအတွက်လေးလက်မစက်ရေတွင်း၊ အုတ်ရေကန်နှင့် ရေစက်ရုံဆောက်လုပ်ပြီးစီးမှု အခြေအနေကိုကွင်းဆင်းစစ်ဆေးရာ မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှမြင့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း အသား၊ငါးနှင့် အစားအသောက်များ ယင်နားခြင်းမှ ကင်းဝေးစေရေးအတွက် မေ ၂ရက်က ကျန်းမာရေးမှူး(၂) ဦးတင်ဝင်းလှိုင်၊ ဒုတိယဦးစီးမှူး (ဈေး)ဦးမျိုးတင့်နှင့်ဝန်ထမ်းများ အေးမြသီတာဈေးအတွင်း ခုံများတွင် ယင်သေဆေးဖျန်းကြစဉ်။ (မြို့နယ်စည်ပင်)

သီးနှံများ အောင်မြင်စွာ စိုက်ပျိုးရေး ဆီဆိုင်မြို့၌ စီမံကိန်းတာဝန် ပေးအပ်

ဆီဆိုင် မေ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်၏ ၂၀၀၈-၂၀၀၉ စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ၇ရက်နံနက် ၁၀နာရီက ဆီဆိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးခိုင်ထွန်းက တောင်ကြီးခရိုင်တွင်ဆီဆိုင်မြို့နယ်အနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုများမှာ နှစ်စဉ်လျာထားချက်နှင့်အညီအောင်မြင်စွာစိုက်ပျိုးထုတ်လုပ်ပေးနိုင်ခဲ့သည့် အစဉ်အလာကောင်းသော မြို့နယ်ဖြစ်သည့် အားလျော်စွာ ၂၀၀၈-၂၀၀၉ ခုနှစ်တွင်လည်း နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် ဆန်စပါးအပါအဝင် သီးနှံများကို စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်သည်အထိ ဌာနဆိုင်ရာတာဝန်ရှိသူများ ကြီးကြပ်၍ တောင်သူတစ်ဦးချင်းထံ ကွင်းဆင်းထိတွေ့ပညာပေး စည်းရုံးကြိုးပမ်းဆောင်ရွက်ရေး ပြောကြားပြီး ကျေးရွာအုပ်စုအလိုက် တာဝန်ကျကျေးရွာအုပ်စု ဥက္ကဋ္ဌများအား ခွဲဝေတာဝန်ပေးအပ်လိုက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နမ္မတူမြို့နယ်စည်ပင် ကျေးလက်ရေရရှိရေး စိမ့်စမ်းရေသွယ်

နမ္မတူ မေ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ္မတူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကြည်ဝင်းသည် ဧပြီ ၂၂ရက်က ချောင်းဆာကျေးရွာအုပ်စု မန်လီကျေးရွာ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းကို ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစိုင်းငယ်လေး၊ ဦးဖိုးညဏ်တို့နှင့်အတူ သွားရောက်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရွှေဂုံတိုင်လမ်း အမှတ် ၁၅၄ နေ နှစ်ဖက်သော မိဘများအား အမှူးထား၍ ဒေါက်တာ ဝေလင်းထွန်း- ဒေါက်တာ ရီရီမြင့်၊ သား ဝေလင်းဖြိုးမိသားစုက ကြေးပြားလေးချပ်အတွက် ငွေကျပ် ၁၀၄၀၀၀ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင် ဆရာတော်ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (က-ပ)

နွားထိုးကြီးမြို့၌ ဌာနဆိုင်ရာများ လုပ်ငန်းများ ညှိနှိုင်း

နွားထိုးကြီး မေ ၂၄

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာ ၃၇ ဌာနတို့ ရက်သတ္တပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၁၃ ရက်က စုပေါင်းရုံး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ အတွင်းရေးမှူး ဦးရဲမြင့်အောင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး လုပ်ငန်းများ ညှိနှိုင်းကြကြောင်းသိရသည်။ (၀၉၂)

အင်းတော်မြို့ ရာဇမုနိစေတီ ဗုဒ္ဓပူဇနီယပွဲ ရွှေထီးတော်တင် သံဃာတော်များအား ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုများ လောင်းလှူ

အင်းတော် မေ ၂၄

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ စီပိန်းရွာရှိ ရာဇမုနိစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယ ဘုရားပွဲတော်ကို မေ၁၅ရက်မှ၁၇ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

လောင်းလှူ

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်တွင် ရာဇမုနိစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲကို မေ၁၅ရက်ကလည်းကောင်း၊ စီပိန်းရွာဆရာတော် ဦးဇာဂရ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အင်းတော်မြို့ မြို့မပရိယတ္တိစာသင်တိုက် ဆရာတော် ဦးပဏ္ဍိတတို့အားအမှူးပြုသော ဆရာတော်သံဃာတော်အပါး ၁၀၀ကျော်အား ဆွမ်းဆန်တော်နှင့်လှူဖွယ်ဝတ္ထုများလောင်းလှူပွဲကို မေ၁၆ရက်ကလည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(အပေါ်ပုံ)** (၀၃၀)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ရတနာဒီပလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို မေ ၁၄ ရက်က အမှုဆောင်အရာရှိ ဦးကြည်သန်းနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော်တို့က လမ်းအရည်အသွေး ကောင်းမွန်ရေး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ပညာရေးဆိုင်ရာများ ဆွေးနွေး

နေပြည်တော်ပျဉ်းမနား မေ ၂၃

နေပြည်တော်ပျဉ်းမနား ပညာရေးဆိုင်ရာများ ဆွေးနွေးပွဲကို မေ ၁၅ရက် နံနက် ၉ နာရီက နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မန္တလေးမြို့အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံ)ဦးညွန့်ရွှေ၊ ခရိုင်ပညာရေးမှူး ဦးလှထူးနှင့် လက်ထောက်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ တက်ရောက်ကြသည်။

မှာကြား

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး (စီမံ) ဦးညွန့်ရွှေက ကျောင်းဖွင့်စ ကျောင်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးလှထူးက သင်ကြားရေးနှင့် စည်းကမ်းရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။ **(၀၉၉)**

လေမုန်တိုင်းဒဏ် ခံရသူများအတွက် အလှူငွေပေးအပ်

မုံရွာ မေ ၂၄

မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ လေမုန်တိုင်းဒဏ်ကြောင့် ဒုက္ခရောက်နေသူများအတွက် လေဘေးကယ်ဆယ်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၁၃ ရက် နံနက် ၉ နာရီကမုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မုံရွာခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဥက္ကဋ္ဌများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး အရာတော်မြို့နယ်က ငွေကျပ် ၇၅၀၀၀၀၊ ပုလဲမြို့နယ်က ငွေကျပ်၆၅၈၀၀၀၊ယင်းမာပင်မြို့နယ်က ငွေကျပ်၆၀၀၀၀၊ဆားလင်းကြီးမြို့နယ်က ငွေကျပ်၅၀၀၀၀၀၊ဘုတလင်မြို့နယ်က ငွေကျပ်၅၀၀၀၀၀၊ချောင်းဦးမြို့နယ်ကငွေကျပ်၄၁၇၈၀၀၊ကနီမြို့နယ်က ငွေကျပ်၁၀၀၀၀၀နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများက လှူဒါန်းငွေ စုစုပေါင်း ငွေကျပ်၅၀၇၅၈၀၀ရရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မီးသတ်တပ်ဖွဲ့နေ့ တမူးမြို့၌ ကျင်းပ

တမူး မေ ၂၅

(၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၁၀နာရီက စစ်ကိုင်းတိုင်း တမူးမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တမူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစိုးနိုင်က (၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ သဝဏ်လွှာကိုဖတ်ကြားပြီး မီးသတ်ဦးစီးဌာနသို့ အလှူရှင်များက အလှူငွေကျပ်လေးသိန်းငါးသောင်းကို ပေးအပ်ကြသည်။ ထို့နောက် တာဝန်ရှိသူများက စစ်ရေးပြနှင့်မီးသတ်စွမ်းရည်ပြိုင်ပွဲတို့တွင် ထူးချွန်သူများအား ဆုများ ချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ပေါင်မြို့နယ် ကျေးလက်ရေပေးရေးလုပ်ငန်းကို မေ ၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တစ်နာရီအတွင်း မှုခင်းဖော်ထုတ်ပေးသော ရေစကြိုရဲတပ်ဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်

ရေစကြို မေ ၂၃

တစ်နာရီအတွင်း မှုခင်းဖော်ထုတ်ပေးသောမြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေစကြိုအား ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၁၃ ရက် မွန်းလွဲ၂နာရီက ရေစကြို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ရေစကြိုမြို့ အမှတ် ၅ရပ်ကွက်ရွာဘိုးရပ်မှဦးစိုးမြင့်၏ ဂျပန်အမျိုးအစား ဆိုင်ကယ်ကို မောင်စိုး(ဘ) ဦးတင်၏သား မကျီးဘုတ်ရွာ ချောင်းဦးမြို့နယ်မှ မေ ၁၂ရက်က အရှိန်ပြင်းစွာ စီးလာစဉ် မသင်္ကာသဖြင့် ရေစကြို တမာတန်းတွင် အသင့်တာဝန်ထမ်းဆောင်နေကြသော ဒုရဲအုပ်မြင့်လွင်နှင့်အဖွဲ့က ရပ်တန့်ခိုင်းရာ မရပ်သဖြင့်လိုက်လံဖမ်းဆီးရာ တောတန်းအတွင်းမှ ဖမ်းဆီးရမိပြီး ၎င်းအား ရေစကြိုရဲစခန်းမှ ပ/ ၁၂၇-၀၈ပြစ်မှု ၃၇၉/၅၄ အရ အရေးယူထားကာ ပိုင်ရှင်ဖြစ်သူက ရေစကြိုရဲတပ်ဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်း ချီးမြှင့်ကြောင်း သိရသည်။(ဝဲပုံ) (၀၆၉)

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် ပင်းတောက်ကျေးရွာအုပ်စု ဝမ်ကူသစ်ကျေးရွာ၌ ၂၀၀၈ ခုနှစ် ကမ္ဘာ့ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့နှင့် အမျိုးသား ငှက်ဖျားရောဂါ တိုက်ဖျက်ရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ပြည်နယ်ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအဖွဲ့နှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ ခြင်ထောင်ဆေးစိမ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ဝမ်းရောဂါကာကွယ်ရေး အစားအစာများ စစ်ဆေး

နောင်မွန်း မေ ၂၂

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ နောင်မွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မိုးရာသီအတွင်း ဖြစ်ပွားတတ်သော ဝမ်းရောဂါ ကာကွယ်ရေးအတွက် မေ ၁၉ ရက်က လမ်းဘေးဈေးဆိုင်များ၊ စားသောက်ဆိုင်များတွင် ရောင်းချသော အစားအစာများ သန့်ရှင်းမှုရှိ မရှိ၊ စားသုံးရန် သင့် မသင့်ကို ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများဖြင့် ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အများသိစေရန်

ကျွန်တော် မောင်ဇော်ဝိတ် ၁၂/သကတ (နိုင်)၀၀၀၂၀၁ နှင့် မနေနွယ်မြင့် ၉/မရမ(နိုင်) ၀၅၅၉၃၅ တို့သည် လုံး၀ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မောင်ဇော်ဝိတ်
၁၂/သကတ(နိုင်)၀၀၀၂၀၁။

ရောင်းမည် လက်ရှိအသုံးပြုနေသော တန် ၁၅၀ရှိ ဂျပန်နိုင်ငံလုပ် ပလတ်စတစ် Injection စက်များ ရောင်းရန်ရှိသည်။ **ဖုန်း-၀၉-၅၁-၁၉၅၅၂။**

ရောင်းမည်

ပြင်ဦးလွင်မြို့ အနီးစခန်း၊ ဈေးကုန်းရွာ မန္တလေး-လားရှိုးလမ်းဘေး ပေ(၈၀x၇၀) မြေကွက်များ ရောင်းမည်။ (ညှိနှိုင်းဈေး)

ဖုန်း-၀၉-၅၁-၈၃၁၅၉။

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ကြေညာခြင်း

မောင်ချစ် MTNT-၀၂၈၇၂၅ နှင့် မထိုက်ထိုက်စိုး ၁၂/သဃက(ယ)၀၀၉၇၁၉ တို့သည် ၂၀၀၈ခုနှစ် မေ၂၀ရက်တွင် သဃ်န်းကျွန်းမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲကြပြီးဖြစ်ပါ၍ နောက်နောင် ၎င်းနှင့် ပတ်သက်မှုမရှိကြောင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

မောင်ချစ်

အမည်ဖြည့်စွက်ခေါ်ပါရန်

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် ဥယျာဉ်ရွာနေ အဖ ဦးအေး၏သမီး မဇင်မိုးငယ် ၅/ခဥန(နိုင်)၀၇၈၆၆၅အား မဇင်မိုးငယ်(ခ)မသက်ဝေလွင်ဟု ဖြည့်စွက်ခေါ်ပါရန်။

မစိုးစိုးနိုင် ၁၂/မရက(နိုင်)၀၈၃၈၁၅ နှင့် အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် (F.M.I City)၊ ရွှေနှင်းဆီ (၁)လမ်း၊ J(၂၄)နေ ဦးဝင်းလွင် ၁၂/ပဇတ(နိုင်) ၀၁၉၀၉၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေး ကြေညာအပ်ပါသည်။

မစိုးစိုးနိုင် ၁၂/မရက(နိုင်)၀၈၃၈၁၅ နှင့် ဦးဝင်းလွင်တို့သည် ၁၉၉၈ကပင် တရားဝင် လက်ထပ်ပေါင်းသင်းခဲ့ရာမှ သမီးဖြစ်သူ မယဉ်သီရိလွင် ကိုးနှစ်ထွန်းကားခဲ့ပြီး ဖြစ်ပါသည်။

မစိုးစိုးနိုင်သည် ဦးဝင်းလွင်နှင့် အတူတကွ ပေါင်းသင်းနေထိုင်ရာမှ ၁၅-၃-၂၀၀၈ ရက်တွင် သူမ၏မိဘများနေထိုင်ရာ နေပြည်တော်ပျဉ်းမနားသို့ ခေတ္တအလည်အပတ်သွားရောက်ရန်ဟု အကြောင်းပြပြီး ရွှေငွေပစ္စည်းများကို ယူဆောင်ကာ သမီးဖြစ်သူ မယဉ်သီရိလွင်ကို ခေါ်ယူပြီး နေအိမ်မှ ထွက်ခွာသွားခဲ့ပါသည်။

မစိုးစိုးနိုင်အနေဖြင့် ပြန်လည်ရောက်ရှိရန် အချိန်ရောက်ရှိလာသော်လည်း နေအိမ်သို့ ပြန်လည် ရောက်ရှိခြင်းမရှိသဖြင့် ခင်ပွန်းဖြစ်သူဦးဝင်းလွင်က သူမ၏မိဘများနှင့် ဆွေမျိုးအသိုင်းအဝိုင်းရှိရာသို့ စုံစမ်းမှုပြုခဲ့ရာတွင်လည်း မစိုးစိုးနိုင်နှင့်သမီးဖြစ်သူ မယဉ်သီရိလွင်တို့ လာရောက်ခြင်း မရှိကြောင်းနှင့် အဘယ်အရပ်ဒေသသို့ ရောက်ရှိနေကြောင်း၊ မသိရှိကြကြောင်း သိရှိခဲ့ရပါသည်။

ထို့အတွက် မစိုးစိုးနိုင်အနေဖြင့် ဤသတိပေးကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခင်ပွန်းဖြစ်သူ ဦးဝင်းလွင်ထံသို့ ပြန်လည်လာရောက်ပါရန်နှင့် ခင်ပွန်းဖြစ်သူ ဦးဝင်းလွင်၏ သဘောတူခွင့်ပြုချက်မရှိဘဲ မစိုးစိုးနိုင်ကို လက်ခံထားရှိသူအပေါ် တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးဝင်းလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးရွှေ	**ဒေါ်အေးအေးအောင်**	**ဒေါ်ဝင်းဝင်းနွယ်**
အထက်တန်းရှေ့နေ(စဉ်-၁၂၇၇၉)	**တရားရုံးချုပ်ရှေ့နေ(စဉ်-၅၀၃၆)**	**အထက်တန်းရှေ့နေ(စဉ်-၂၃၄၂၄)**

အမှတ် ၇၅၊ အခန်း(ဘီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၈၇၆၃၁၊ ၂၅၄၀၀၃။



အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
ရန်ကုန်တိုင်းတရားရုံးတော်၌
၂၀၀၈ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၅၁

ဒေါ်နီ(ခ)ဒေါ်မြတ်မြတ်မိုး **နှင့်** ၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်စီးပွားရေး ဦးပိုင်လီမိတက်
၂။ ရွှေခြသေ့်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (၎င်း၏မန်နေဂျင်းဒါရိုက်တာဦးကျော်တင်ဝင်း)
၃။ ရွှေခြသေ့်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (၎င်း၏ ဒါရိုက်တာဒေါ်ခင်သက်ထားမိုး)
၄။ ဒေါ်ခင်ခင်ထွေး

လျှောက်ထားသူ **လျှောက်ထားခံရသူ**

တိုက် ၁၀၉၊ အခန်း ၁၁၊ ၂၉လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ ဒေါ်ခင်သက်ထားမိုးနှင့် အမှတ် ၆၅(ဘီ)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်ခင်ထွေး (ယခုနေရပ်လိပ်စာမသိသူ)များ သိစေရမည်။

အထက်အမည်ပါ ဒေါ်နီ(ခ)ဒေါ်မြတ်မြတ်မိုးက ဤရုံးသို့ တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်း-၅၈အရ ဝရမ်းခွာလိုမှု လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၀၈ခုနှစ် ဇွန်လ၁၃ရက်(၁၃၇၀ပြည့်နှစ် နယုန်လဆန်း၁၀ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှု ပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၀၈ခုနှစ် မေ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

ကျော်လင်းမောင်
တွဲဖက်တိုင်းတရားသူကြီး(၁၀)၊ ရန်ကုန်တိုင်းတရားရုံး။

လေဘေးသင့်ပြည်သူများအတွက် တောင်ကြီး၌ အလှူငွေများပေးအပ်

တောင်ကြီး မေ ၁၅

ရှမ်းပြည်နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် (စတုဘုမ္မိက)ဘဒ္ဒန္တသုန္ဒရ (မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် တောင်ကြီးမြို့ မဟာစည်ဆရာတော် ဦးတေဇဝံသနှင့် ရဟန်းသံဃာများသည် မေ ၈ရက်က လေဘေးသင့် ပြည်သူများအတွက် အလှူငွေကျပ် တစ်သိန်းစီ လှူဒါန်းကြသည်။

ဆက်လက်၍ တောင်ကြီးမြို့မှ မဟာယာန တရုတ်အမျိုးသား သာရေး၊ နာရေး၊ လူမှုရေးအသင်းက ငွေကျပ်သိန်း ၅၀တန် ဖိုးရှိအဝတ်အထည် ၁၈၈အိတ်၊ ဆစ်ခ်ဘုရားကျောင်းကငွေကျပ် ၂၀၁၀၀၀၀၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး၊ ဟိန္ဒူ ဓမ္မအဖွဲ့ခွဲ နူရ်ဂါဘုရားကျောင်း (အရှေ့ပင်စင်)က ငွေကျပ်၁၀၇၅၀၀၀၊တုံဟွာ ဘာသာစကားနှင့် ကွန်ပျူတာ သင်တန်းကျောင်းက ငွေကျပ် ၁၀၃၆၅၅၀၊ ကွမ်းတုံဗုဒ္ဓဘာသာဘုရားကျောင်း၊ စန်းစန်းဗုဒ္ဓဘာသာဘုရား ကျောင်း၊ ဟုတ်ကြန်ဗုဒ္ဓဘာသာဘုရားကျောင်း အသင်းသူ အသင်းသားများက ငွေကျပ် ၁၀သိန်းစီ၊ သိမ်တောင်ပရိယတ္တိစာသင်တိုက်က ငွေကျပ် ငါးသိန်းနှင့် သိမ်တောင်ပရိယတ္တိစာသင်တိုက် စာသင်ရဟန်း သံဃာများက ငွေကျပ် ၂၀၀၈၀၀၊ ညောင်ရွှေမြို့ကံကြီးပရိယတ္တိစာသင်တိုက်က ငွေကျပ် ၅၃၃၆၀၀၊ လီဆူးနှစ်ခြင်းအသင်းတော်(အေးသာယာ)၊ တောင်ကြီးမြို့ ဝါးပြားကွမ်ရင်မယ်တော်ဘုရားကျောင်းတို့က ငွေကျပ်ငါးသိန်းစီ၊ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့က ငွေကျပ်သုံးသိန်း၊ ဇောတိရတနာစာသင်တိုက်(ပရဟိတလူငယ်)နှင့် အောင်သပြေစွယ်တော်ကျောင်းတို့က ငွေကျပ်နှစ်သိန်းစီ၊ မဟာဓမ္မိကာရာမကျောင်းနှင့် ကုန်းလှိုင်ပရိယတ္တိစာသင်တိုက်တို့က ငွေကျပ် ၁၅၀၀၀၀စီ၊ ဦးဝိလာသနှင့်စာသင်သံဃာများက ငွေကျပ် ၁၀၃၀၀၀ နှင့် ငွေကျပ်တစ်သိန်းစီ လှူဒါန်းကြသော စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းမှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဦးအဂ္ဂဓမ္မာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ကံဦးကျောင်းဆရာတော်ဦးကုန္တိဓဇ၊ မင်းကျောင်းဆရာတော်များ ဖြစ်ကြသော ဦးဂုဏသာရ၊ ဦးနာယက၊ ဦးဇဋိလ၊ ဦးဂုဏသာရ၏ မယ်တော်ဒေါ်ခင်ရိုန်းမိသားစု၊ အောင်မင်္ဂလာဘုန်းကြီးကျောင်း၊ ဓမ္မရတနာကျောင်းတောင်ကျောင်းကြီးကျောင်းတိုက်၊ ဝေဠုဝန်ကျောင်းတိုက်၊ မဟာဓမ္မိကာရာမကျောင်းတိုက်၊ အောင်မြေသာစည်ကျောင်းတိုက်ဆရာတော်ဦးပညာဗလ၊ ဦးဝါလိတ္တ၊ မဟာစည်ဆရာတော်ဦးပညာဗလ၊ ဓမ္မသုခကျောင်းတိုက်၊ ဒက္ခိဏာရာမကျောင်းတိုက် (ရွှေညောင်)၊ စူဠာမုနိပရိယတ္တိ စာသင်တိုက်မှ ဘဒ္ဒန္တဂုဏဝံသာလင်္ကာရ၊ ဟိုပုံးမှ ကိုရင်လေးကျောင်းတို့က လေဘေးသင့်ပြည်သူများအတွက် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လက်ခံရာဌာနသို့ လှူဒါန်းကြသည်။

လှူဒါန်း

ထို့အတူ လေဘေးသင့် ပြည်သူများအား ကူညီရေးအတွက် ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးကြပ်၍ဒုတိယအကြိမ်အဖြစ် အသင်းဝင်ပေါင်း ၁၀၀ကို ရန်ကုန်မြို့သို့ စေလွှတ်ရာတွင်လေဘေးသင့်ဒေသရှိရဟန်းသံဃာတော်အပါး ၁၀၀၀အတွက် သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်အစုံ ၁၀၀၀ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

နေပြည်တော်ပျဉ်းမနား ပန်းခင်းကွက်သစ် ပင်မလမ်း ဘုရားကြီးတောရကျောင်း ရွှေပြည်အေး မဟာစည်ရိပ်သာအတွင်း ဗုဒ္ဓဂယာမှ ပင့်ဆောင်စိုက်ပျိုးထားသော ဗောဓိညောင်ပင်ပျိုရင်း၌ ၁၃၇၀ ပြည့်နှစ် ကဆုန်လပြည့်နေ့က (၂၃)ကြိမ်မြောက် ညောင်ရေသွန်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း မြေညီထပ် အမှတ် ၆၄/ဘီနေ ဦးကျော်ခင် (မန်နေဂျင်းဒါရိုက်တာ၊ KJS, Int'l Co.,Ltd.)က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်သိန်း၂၀လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အောဘယ်လ်(ငြိမ်း)၊ ဥက္ကဋ္ဌ ပါရဂူဗိုလ်မှူးကြီးမျိုးညွန့်နှင့် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါ်ရီရီမြင့်တို့က လက်ခံယူကြစဉ်။ (က-ပ)

မိုးသီးနှံစိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်

ခင်ဦး မေ ၂၀

ခင်ဦးမြို့နယ်၏၂၀၀၈-၂၀၀၉ခုနှစ် မိုးသီးနှံစိုက်ပျိုးရေး စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကို မေ၁၃ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်က အဖွင့်အမှာစကား ပြောကြားသည်။ အခမ်းအနားတွင် မြို့နယ်စီမံကိန်းဦးစီးအရာရှိဦးတင်မြင့်က မိုးသီးနှံစီမံကိန်း ရည်မှန်းချက်များ ပြည့်မီကျော်လွန်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးတင်မြက မိုးသီးနှံ သီးထပ်သီးညှပ် စိုက်ပျိုးရေးကို လည်းကောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက စီမံကိန်းတာဝန်ပေးအပ်လွှာများကို မြို့မ(၁)စခန်း၊ မြို့မ(၂)စခန်း၊ ဝွေးကုန်းစခန်း၊ မြင်းဒေါင်းစခန်း၊ ကျွန်းပင်ကန်စခန်းတို့မှ ရပ်ကွက်ကျေးရွာဥက္ကဋ္ဌများအား တာဝန်ပေးအပ်ကြကြောင်း သိရသည်။ (က-ပ)

ဆောက်လုပ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံသို့ ဦးသောင်းမောင်နှင့် ဒေါ်စိန်မြိုင်တို့အား ရည်စူး၍ ဒေါ်မြင့်မြင့်ညိုမိသားစု တောင်သာမြို့က မဟာသိပ္ပံ အဆောက်အအုံဆောက်လုပ်ရန် အလှူငွေကျပ် ၁၅၀၀၀၀ ကို ဗိုလ်အောင်ကျော်လမ်း အမှတ် ၂၉၅-၂၉၇ ရှိ မဟာသိပ္ပံအလှူခံဌာန အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံဥက္ကဋ္ဌ ဒုတိယပါမောက္ခချုပ်(ငြိမ်း) သံအမတ်ကြီး(ငြိမ်း) ဦးမြသန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဧပြီ ၂၉ရက်က ငဖဲမြို့အဝင် ဆိုင်းဘုတ်ဝန်းကျင်တွင် မြေယာရှုခင်းအလှဆောင်ရွက်နေမှုကို ဒုတိယဦးစီးမှူးဦးမောင်မောင်ခင်နှင့် အမှုဆောင်အရာရှိ ဦးသိန်းဌေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုးသီးနှံထုတ်လုပ်မှု ငွေထုတ်ချေးရေး ညှိနှိုင်းဆွေးနွေး

ချောက် မေ ၂၅

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ချောက်မြို့နယ်ဘဏ်ခွဲ၏ ၂၀၀၈ ခုနှစ် မိုးသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေထုတ်ချေးရေး ညှိနှိုင်းအစည်းအဝေးကို မေ ၁၆ ရက် နံနက် ၁၀နာရီက ချောက်မြို့နယ်ဘဏ်ခွဲ၌ ကျင်းပရာ မြို့နယ်မန်နေဂျာ ဦးတင်ဌေးနှင့် ဝန်ထမ်းများ ကျေးရွာဘဏ်ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်မန်နေဂျာဦးတင်ဌေးက အမှာစကားပြောကြားပြီး ၂၀၀၈ခုနှစ် မိုးသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေထုတ်ချေးရေး လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးရာ ၂၀၀၇ခုနှစ်တွင် ချေးငွေအစောဆုံး ပေးဆပ်နိုင်သည့် ကျေးရွာများဖြစ်သည့် ပထမလင်းတကိုင်းကျေးရွာ၊ ဒုတိယဆည်ကန်ကျေးရွာ၊ တတိယစွယ်ပေါက္ကံကျေးရွာဘဏ်များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသသို့မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်၌ မိုးရာသီ စပေါင်းထွန်ယက်ပွဲကျင်းပ မိုးစပါးကေပြည့်မီရေး အကောင်အထည်ဖော်ဆောင်သွားမည်

ရန်ကုန် မေ ၂၉

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်၏ ၂၀၀၈ ခုနှစ် မိုးရာသီစပေါင်းထွန်ယက်ပွဲကို မေ ၂၇ ရက်တွင် ချောင်းဖျားကျေးရွာ တောင်သူဦးညွန့်မောင်၏ လယ်မြေ ၂၀ ဒသမ ၁၀ ဧကနှင့် တောင်သူဦးဝင်းမြင့်အောင်၏လယ်မြေ ၅ ဒသမ ၂၈ ဧကတို့ကို တစ်ဘီးထွန်စက်များဖြင့် စပေါင်းထွန်ယက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာဥက္ကဋ္ဌများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အကောင်အထည်ဖော်

ဒေးဒရဲမြို့နယ်၏ မိုးစပါးလျာထား ဧက ၁၈၂၁၄၃ အား လေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော ကျွဲ၊ နွားနှင့် လယ်ယာသုံး စက်ကိရိယာများနေရာတွင် တစ်ဘီးထွန်စက် အစီး ၂၀၊ လယ်ယာ(၂၂)လက်တွန်းထွန်စက် ၁၅၁ စီး၊ လယ်ယာ(၁၆) လက်တွန်းထွန်စက် ၃၃ စီးတို့ဖြင့် မိုးစပါးကေပြည့်မီရေး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ထစ်ချုန်းမိုး

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မေ ၂၇ ရက်က ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် လေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် စေတနာရှင်ပြည်သူများက ပေးပို့လှူဒါန်းသည့် လယ်ယာသုံး လက်တွန်းထွန်စက်များအား ၁၀ ဘီးမော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

အစိုးရနှင့် ပြည်သူဆိုသည်မှာ မိဘနှင့် သားသမီးသာဖြစ်ပါ၏။ ကိုယ့်သားသမီး ဒုက္ခရောက်နေချိန်၌ ဘယ်လိုမိဘမျိုးကမျှ မျက်နှာလွှဲနေနိုင်မည်မဟုတ်ပါ။ သားသမီးများ ဒုက္ခရောက်ခြင်းသည် ကိုယ်တိုင်ဒုက္ခခံစားရခြင်းထက် မိဘတို့ရင်ကို ပိုပြီးပူလောင်စေပါသည်။ ထို့ကြောင့်လည်း "မင်းတို့အစား ငါတို့ပဲ ဒုက္ခခံလိုက်ချင်တယ်"ဟု မိဘများက ပြောလေ့ရှိကြခြင်းဖြစ်ပေမည်။ တကယ်လည်း မိဘတိုင်းသည် အရေးအကြောင်းဆိုလျှင် သားသမီးများ၏ရှေ့က ရင်ကော့ပြီး မားမားမတ်မတ် ရပ်ကြမြဲသာဖြစ်ပါ၏။

ကျော်ရဲမင်း၏ ဆောင်းပါး စာ ၈-၉ တွင် ဖတ်ရှုနိုင်ပါသည်။